http://www.dhammadownload.com

ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏ အဓိပတိ

မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# အရှုံးထဲမှာ အမြတ်ရှာ

## တရားတော်



http://www.dhammadownload.com


## ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းသည်

- လက်ရှိ ဘဝတန်ဖိုးကို
နားလည် သဘောပေါက်လာခြင်း
- ဘဝ အဆင့်အတန်းမြှင့်မားပြီး
အတွေးအခေါ်ကောင်းမွန်လာစေခြင်း
- စိတ်ဓါတ် ကြံ့ခိုင်ပြီး အစစအရာရာ
ခွင့်လွှတ်နိုင်လာခြင်း
- လူဖြစ်ပြီး သာသနာနှင့်
ဆုံတွေ့ရကျိုးနပ်မှန်းသိလာခြင်း
- တန်ဖိုးရှိတဲ့ဘဝကို တန်ဖိုးရှိတဲ့အချိန်မှာ
တန်ဖိုးရှိရှိ အသုံးချတတ်ပြီး
တရားအရသာကို လက်တွေ့ခံစားနိုင်လာခြင်း
စသည့် လက်ငင်းအကျိုးတရားတွေ
ပြည့်စုံလာပါတယ်။

http://www.dhammadownload.com

မြောက်ဦးမြို့နယ်၊ ရတနာစံဦးတိုက်
ရတနာမာရ်အောင်တောရ
ဓမ္မရိပ်သာဆရာတော်
ဟောကြားအပ်သော

# အရှုံးထဲမှာ အမြတ်ရှာ
# တရားတော်



စာစဉ် (၁၁)

(ယောဂီများအတွက်သာ)

သာသနာ ၂၅၅၂၊ ကောဇာ ၁၃၇၀၊ ခရစ် ၂၀၀၈

http://www.dhammadownload.com


၂၀၁၂ ခုနှစ်၊ ဧပြီလ
ဒုတိယအကြိမ် * ၁၀၀၀ အုပ်
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ
တတိယအကြိမ် * ၁၀၀၀ အုပ်

# ဓမ္မဒါန



ရန်ကုန်
**ဒါယကာ၊ ဒါယိကာမများမှ**
လှူဒါန်းထုတ်ဝေသည်။

http://www.dhammadownload.com



ကမ္မဋ္ဌာနာစရိယ အရှင်ဝါယာမိန္ဒ

ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

http://www.dhammadownload.com

# မာတိကာ


၁။ ဘယ်ကိုသွားလို့ ဘာကိုကြည့်မှာလဲ ၁

၂။ ရှာတတ်ဖွေတတ် အမြတ်ရ ၈

၃။ သနားစရာ များသတ္တာ ၁၃

၄။ ဘဝသံသရာ စုံလင်စွာ ၁၇

၅။ မိုးအောက်တစ်ခွင် မြေသုသာန် ၂၁

၆။ အချစ်ဆုံး အမုန်းနိဂုံး ၂၃

၇။ အပြုံးမျက်နှာ ကျွန်တကျော ၂၇

၈။ ပဟေဠိပုစ္ဆာ အဖြေရှာ ၃၄

၉။ ဖြစ်ပြီးခန္ဓာ မသိပါ ၃၅

၁၀။ ဖြစ်မည့်ခန္ဓာ မသိပါ ၃၈

http://www.dhammadownload.com

၁၁။ သေမည့်နေ့ရက် အသိခက် ၄၁
၁၂။ နိဗ္ဗာန်စခန်း ခရီးလမ်း ၄၃
၁၃။ တဏှာစိတ်စွဲ
ဇာတ်ပွဲရှေ့ဆောင် ၄၈
၁၄။ ခန္ဓာဉာဏ်သွင်း ပွဲခင်းပမာ ၅၀
၁၅။ ဉာဏ်ရောင်အလင်း
ပွဲခင်းမှာကြို ၅၂
၁၆။ ခန္ဓာဖြစ်ပျက်
ဉာဏ်စက်ရှိန်ဝါ ၅၆
၁၇။ သတိဉာဏ်ကပ် အမြဲမှတ်ပါ ၆၇
၁၈။ တည်ကြည်ငြိမ်သက်
တိုးတက်ယောဂီ ၇၂
၁၉။ မလျှော့မတင်း
စောင်းညင်းပမာ ၇၄
၂၀။ အလိမ္မာသူလေး မစန္ဒာ ၇၈
၂၁။ ရုပ်ရှင်ဇာတ်ပွဲ
ဝေးဝေးရှောင်ကြဉ် ၈၀

http://www.dhammadownload.com


၂၂။ သေကွဲရှင်ကွဲ မလွဲသူငါ ၈၂

၂၃။ လောကဓံလေလှိုင်း
မုန်တိုင်းထန်စေ ၈၄

၂၄။ တရားဓလေ့ အစဉ်မွေ့ ၈၇

၂၅။ တဏှာအမျိုး အမဲရိုးပမာ ၈၉

၂၆။ တရားရှာ ကိုယ်မှာတွေ့ ၉၂

၂၇။ ကြည့်တတ်တော့ ဘာဝနာ ၉၄

၂၈။ ခန္ဓာဉာဏ်ကဲ
မကြည့်ဖူးတဲ့ပွဲ ၉၅

၂၉။ ခန္ဓာဉာဏ်ကပ်
မရောက်ဖူးသည့်အရပ် ၉၈

http://www.dhammadownload.com

# စီစဉ်သူမှ စာဖတ်သူများသို့

အို … တရားနဲ့ပျော်ရွှင် ယောဂီသူတော်စင်များတို့ … ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ရတနာမာရ်အောင် တောရဓမ္မရိပ်သာ အဓိပတိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၏ ပဓာနနာယက၊ ဘဒ္ဒန္တဝါယာမိန္ဒ ဓမ္မကထိက (ကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်၏ တရားတော်များကို တရားတိတ်ခွေမှတစ်ဆင့် ပုံနှိပ်ကျမ်းစာအုပ်အဖြစ်သို့ ကူးပြောင်း

http://www.dhammadownload.com

ပြီး ကျောက်ဖြူမြို့စာစောင် ဖြစ်မြောက်ရေး အဖွဲ့မှ ထုတ်ဝေခဲ့ဒါန ပြုခဲ့သည်မှာ–

၁။ အရိယာဖြစ်ရန် နည်းလမ်းညွှန် တရားတော်

၂။ ဈေးသည်ပမာ ကျင့်ဖွယ်ရာ တရားတော်

၃။ ပဋိစ္စသမုပ္ပါဒ် အခြေခံသင်တန်း တရားတော်

၄။ အမြတ်ဆုံး ကုသိုလ်ရစေလို တရားတော်

၅။ အကာပယ်ပစ် အနှစ်ကိုရှာ တရားတော်

၆။ ဒီလိုကျင့်မှ နိဗ္ဗာန်ရ တရားတော်

၇။ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာတရားတော်

၈။ အမှောင်ပယ်ခွင်း ဉာဏ်အလင်း တရားတော်

http://www.dhammadownload.com

၉။ သူ့ကျွန်မခံ ပယ်တော်လှန် တရားတော်

၁၀။ အဖိုးထိုက်တန် သတိပဋ္ဌာန် တရားတော် ဟူ၍ (၁၀) အုပ်မြောက် အမှတ်စဉ် (၁၀) အဖြစ်သို့ ထုတ်ဝေရောက်ရှိ ဓမ္မဒါနပြုနိုင်ခဲ့ပြီ ဖြစ်ပါသည်။

အနယ်နယ် အရပ်ရပ်ရှိ ဓမ္မနည်းမှီ ယောဂီအပေါင်း သူတော်ကောင်းတို့သည် လိုလိုလားလား ဖတ်ရှုနှစ်ခြိုက်ကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။ ထိုကဲ့သို့ တွေ့ရှိဝမ်းမြောက်ခြင်းနှင့်အတူ အမှတ်စဉ် (၁၁) စာအုပ်အဖြစ် "အရှုံးထဲမှာ အမြတ်ရှာ" တရားတော်ကို ဖတ်ရှုလိုလားသူများ ရှေ့မှောက်သို့ အရောက်ပို့ပြန်ပါပြီ။

ဤတရားဟော အရှင်မြတ်သည် ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓုရနှစ်ဖြာဖြစ်သည့် တရားဟော၊ တရားပြ၊ ကျမ်းပြု

http://www.dhammadownload.com

အပြင် ပြည့်ကျွင်းသာမက ပြည်ပသို့ပါ သာသနာပြု ဆရာတော်တစ်ပါး ဖြစ်ခြင်းကို အချို့ အချို့သော ဖတ်ရှုရသူတို့ အသိဆုံး ဖြစ်ပါသည်။ ဆရာတော်အရှင်သူမြတ်သည် တရားနဲ့ပျော်ရွှင် ယောဂီသူတော်စင်တို့အား အရတော်လေစွ လူ့ဘဝမှာ အရထူးခိုက် မာဂ်ဖိုလ်ဆိုက်အောင် ကြိုးစားအားထုတ်စေလိုသော ဆန္ဒဖြင့် အနယ်နယ် အရပ်ရပ် တပည့်ဒကာ ယောဂီအပေါင်းတို့အား "သိမှုကျင့်မှု ထိုနှစ်ခု၊ နှစ်ခုပြည့်ဝ တရားရ" ဟူသော ဆောင်ပုဒ်အတိုင်း ဆရာတော် အရှင်သူမြတ်နှင့် တွေ့ရမှ တရားနာရခြင်း မဟုတ်ဘဲ ဝိပဿနာတရားကို လိုက်နာကျင့်သုံး အားထုတ်လိုကြသော တပည့်ဒကာ ယောဂီများအား ခန္ဓာဉာဏ်ရောက် တရားပေါက်စေခြင်း အကျိုးငှာ "အရှုံးထဲမှာ အမြတ်ရှာ" ဟူသော တရားတော်ကိုလည်း

http://www.dhammadownload.com

ဖတ်ရှု ကျင့်သုံးခြင်းဖြင့် အရှုံးထဲမှာ အမြတ်
ရှာနိုင်တတ်ကြပါစေဟု ဆန္ဒပြုရင်း–
ဓမ္မောဟာဝ ရက္ခတိတိ ဓမ္မစာရီ

ကိုသံချောင်း (ကျောက်ဖြူ)
ရတနာမာရ်အောင် တောရဓမ္မရိပ်သာ
မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်
ဖုန်း–၀၄၃–၂၄၂၀၀
လိုင်းခွဲ–၅၀၀၄၇

http://www.dhammadownload.com



# ဘယ်ကိုသွားလို့ ဘာကိုကြည့်မှာလဲ

"ကဲ ... တရားတွေနာ ခန္ဓာကိုယ်ကို ဉာဏ်လှည့်ပြီးတော့ တရားနှလုံးသွင်းကာ ခန္ဓာကိုယ်ကြီးကို အသုံးချကြသေးတာပေါ့ နော်"

*(တင်ပါ့ဘုရား)*

"ဒီကနေ့ ဟောမယ့်တရားက ဘာတဲ့၊ 'အရှုံးထဲမှာ အမြတ်ရှာ' တဲ့။ မိမိတို့ ရရှိထားတဲ့ ဘဝကို သတိထားကြည့်လိုက်လို့ ရှိရင် ခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ

http://www.dhammadownload.com



ခန္ဓာရပြီလို့ ဆိုလိုက်ကတည်းကိုက ဒုက္ခကို ရတာ မဟုတ်ဘူးလား။

*(ဟုတ်ပါတယ်ဘုရား)*

"ဘုရားအဆူဆူနဲ့ အရိယာ သံဃာတော်များနဲ့ တရားတွေလည်း နာဖူးခဲ့တယ်။ ဒါပေမဲ့ ဒီခန္ဓာငြိမ်းမယ့် ကျင့်စဉ်ကို ကျင့်ကြံပွားများ အားထုတ်မှု မရှိဘဲ အားနည်းသော ဒုဗ္ဗလ ဝိပဿနာ တရားတွေနဲ့ပဲ ကျင့်သုံးနေခဲ့ခြင်းကြောင့် ခန္ဓာရတော့ မရှုံးဘူးလား"

*(ရှုံးပါတယ်ဘုရား)*

"ရှုံးပါတယ်၊ ဒါပေမဲ့ အရှုံးထဲက ဘာကို ရှာရမယ်"

*(အမြတ်ရှာရပါမယ်ဘုရား)*

"အမြတ်ရှာရမယ်လို့ ဆိုပါတယ်နော်"

*(တင်ပါ့ဘုရား)*

"ဟုတ်ပြီ။ အမြတ်ဆိုတဲ့ နေရာမှာ

http://www.dhammadownload.com



ဘယ်ဟာတွေက အမြတ်လဲ၊ ဘုန်းကြီးတို့ ပရိသတ်တွေ၊ ဒီနေ့ ဘုန်းကြီး ပြောပါမယ်၊ အမြတ်တွေကို တို့ ပရိသတ်တွေ ဘယ်လို ရှာရမလဲဆိုရင် သွားနေရင်းနဲ့ အမြတ်ရှာ ရပါမယ်။ ဟုတ်ပြီနော်"

*(တင်ပါ့)*

"ဘယ်လို အမြတ် ရှာရမယ်"

*(သွားရင်းနဲ့ အမြတ် ရှာရပါမယ် ဘုရား)*

"ဘယ်ကို သွားနေတာလဲ ဆိုရင်တော့ ခန္ဓာရဲ့သဘောသည် သုသာန်ကို သွားနေတာနော"

*(တင်ပါ့)*

"ဘယ်ကို သွားနေပါလိမ့်"

*(သုသာန်ကိုပါဘုရား)*

"လူတွေဟာ မွေးဖွားလာပြီ ဆိုကတည်းက သုသာန်ကို သွားနေရတာ။ ဒီမွေး

http://www.dhammadownload.com



ဖွားတဲ့ ကာလကနေ မသေမီကာလ စပ်ကြား ကလေးမှာ အမြတ်ရအောင် ရှာရမှာဖြစ်တယ်၊ ဟုတ်လား”

*(တင်ပါ့ဘုရား)*

“မသိခင်တုန်းကတော့ အမြတ်ရှာရမှန်းလည်း မသိခဲ့ကြဘူး။ ဟော ... ဒီနေ့တော့ တို့ပရိသတ်တွေ ဒီခန္ဓာကိုယ်ကြီးကို ရင်းနှီးပြီးတော့ အမြတ်ရှာသင့်တယ်၊ ရှာရတော့မယ်ဆိုတာကို မသိလာဘူးလား၊ သိလာသလား”

*(သိလာပါတယ်ဘုရား)*

“သိလာတယ်ဆိုတော့ ပြန်ပြောပါဦး။ ဘယ်လိုနည်းနဲ့ အမြတ်တွေကို ရှာရပါ့မလဲ ဆိုတော့ ရုပ်သည် သုသာန်ကို သွားနေရင်းမှာပဲ တို့တွေသည်လည်း အမြတ်ရအောင် ရှာရမယ်။ ဟုတ်လား”

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"နာမ်ရုပ်သည် အမြဲတမ်း သုသာန်ကို သွားနေတယ်နော။ အဲဒါတွေသည် ဘုန်းကြီးတို့ရော၊ ဒကာ ဒကာမတွေရော တစ်သံသရာလုံးမှာ အရှုံးကြီးရှုံးပြီး သွားနေခဲ့ကြတာ မဟုတ်ဘူးလား"

*(တင်ပါ့ဘုရား)*

"သုံးဆယ့်တစ်ဘုံသည် အိုနာသေ၊ ဒီအိုနာသေ ရှိတဲ့နေရာကို သွားတာသည် အရှုံးလား၊ အမြတ်လား"

*(အရှုံးပါဘုရား)*

ဒါကြောင့် သွားနေကျဖြစ်တဲ့ သုံးဆယ့်တစ်ဘုံ မဟုတ်တဲ့ အိုနာသေ မရှိတဲ့ ချမ်းသာရာရှိတဲ့ နေရာလေးဆီသို့ မရောက်အရောက် သွားရမှာလား၊ မသွားရဘူးလား"

*(သွားရပါမယ်ဘုရား)*

"ဒါကြောင့် မသေမီကာလဝယ် ဒီနာမ်တရားလေးတွေကို ပြုပြင်ဆုံးမပြီးတော့

http://www.dhammadownload.com



မကြည့်ဖူးသေးတဲ့ပွဲကို ကြည့်ရင်း၊ မရောက်ဖူးသေးတဲ့ နိဗ္ဗာန်တည်းဟူသော မြို့ကို သွားရင်း အမြတ်ရှာကြမယ်၊ ဟုတ်လား”

*(တင်ပါ့ဘုရား)*

“ဒီတော့ ဘုန်းကြီး ဒီနေ့ပြောချင်တာ စကားလုံးလေးနှစ်လုံး ပြောပါမယ်။ အဲဒါကတော့ သွား၍နေသော မရောက်ဖူးတဲ့မြို့ ဆိုတဲ့ စကားလုံးလေးနဲ့ ကြည့်၍နေသော မမြင်ဖူးတဲ့ပွဲဆိုတဲ့ စကားလုံးလေး နှစ်လုံးကို နည်းနည်းလေးလောက် နှလုံးသွင်းကြည့်ကြမယ်။ ဟုတ်ကဲ့လား”

*(တင်ပါ့ဘုရား)*

“သွား၍နေသော မရောက်ဖူးတဲ့ မြို့တဲ့၊ သွားနေတယ်နော်၊ ဒါပေမဲ့ အဲဒီမြို့ကို ဘယ်ဘဝကမှ မရောက်ဖူးခဲ့သေးတဲ့ မြို့၊ ဟုတ်လား နော်”

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"သွားနေတယ်။ မရောက်ဖူးတဲ့မြို့ကို သွားနေပါတယ်။ ကြည့်နေတယ်၊ ဒါပေမဲ့ ဘယ်တုန်းကမှ မမြင်ဖူးခဲ့သေးတဲ့ပွဲတဲ့၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"သွားနေတယ်၊ ဘယ်ကိုတဲ့လဲ"

*(မရောက်ဖူးသေးတဲ့ မြို့ကိုပါဘုရား)*

"ကြည့်နေတယ်၊ ဘာကိုတဲ့လဲ"

*(မမြင်ဖူးသေးတဲ့ ပွဲကိုပါဘုရား)*

အရှုံးထဲမှာ ဘယ်လို အမြတ်မျိုး ရှာကြမလဲဆိုရင် အဲဒီမရောက်ဖူးသေးတဲ့မြို့မှာ၊ မမြင်ဖူးသေးတဲ့ ပွဲကိုကြည့်ရင်း ဘုန်းကြီးတို့ ပရိသတ်တွေ အမြတ်ရှာရပါမယ်။ ဟုတ်ပြီလား"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"ဒီတော့ ကြည့်၍နေသော မမြင်ဖူးတဲ့ပွဲနဲ့ သွား၍နေသော မရောက်ဖူးတဲ့မြို့တဲ့။ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"သွားနေတယ်၊ သို့သော် ဘယ်သော အခါမှ မရောက်ဖူးခဲ့သေးဘူး။ ဒါကြောင့် မရောက်ဖူးတဲ့မြို့ကို ဥပမာ တင်စားပါတယ်။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘုရားရှင်ရဲ့ အဆုံးအမ ဩဝါဒတွေဟာ ဒုက္ခဆင်းရဲ အပေါင်းတွေကို ငြိမ်းစေတဲ့ သဘောရှိတယ်"

*(တင်ပါ့ဘုရား)*

## ရှာတတ် ဖွေတတ် အမြတ်ရ

"တို့မြတ်စွာဘုရား ဆုံးမခဲ့တဲ့ တရားတော်တွေကို အနှစ်ချုပ်လိုက်တဲ့အခါမှာ ဘာငြိမ်းဖို့ပါလိမ့်"

http://www.dhammadownload.com



*(ဒုက္ခငြိမ်းဖို့ပါဘုရား)*

"ဒုက္ခငြိမ်းဖို့အတွက် ငြိမ်းအေးသော ဘဝပိုင်ရှင် ဖြစ်ဖို့အတွက် ဘုရားရှင်သည် တရားတော်မြတ်ကို ဟောတော်မူခဲ့ပါတယ်"

*(တင်ပါ့ဘုရား)*

"ထိုနည်းတူစွာ မြတ်စွာဘုရားရှင်နဲ့ အားလုံးသော ရဟန္တာ အရှင်သူမြတ်ကြီးတွေ ဟာလည်းပဲ ဘုရားရှင် ဟောဖော်ညွှန်ပြခဲ့ တဲ့ တရားတော်မြတ်ကို လိုက်နာကျင့်သုံး ခဲ့လို့ ဒုက္ခငြိမ်းတော်မူကြတယ်။ အဲဒီ သူ တော်ကောင်းကြီးများကလည်းပဲ ဘာတရား တွေကိုပဲ ဟောတော်မူခဲ့ကြသလဲဆိုရင် ဒုက္ခ ငြိမ်းတဲ့ တရားတွေကိုပဲ ဟောတော်မူခဲ့ကြ ပါတယ်"

*(တင်ပါ့ဘုရား)*

"ဒုက္ခငြိမ်းတဲ့တရား ဆိုတာဟာ လည်းပဲ ငြိမ်းအောင် လိုက်နာကျင့်သုံးမှ ဒုက္ခငြိမ်းတာကိုး၊ ဟုတ်လား"

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"သူတို့သန္တာန်မှာ ဒုက္ခတွေ ငြိမ်းတော်မူတယ်၊ ငြိမ်းတဲ့အတိုင်းလည်း ဟောတော်မူတယ်။ ဦးစွာပထမ ငြိမ်းအောင် ကိုယ်ကိုယ်တိုင် ကျင့်သုံးတယ်၊ ကြိုးစားတော်မူခဲ့ကြတယ်။ ကြိုးစားတော်မူလို့ ငြိမ်းဘိသကဲ့သို့ ထပ်တူထပ်မျှ ခမ္မတည်းဟူသော အရသာကို ဝေငှစားသုံးနိုင်ရန် တရားရေအေး အမြိုက်ဆေးကြီးကို တိုက်ကျွေးတော်မူခဲ့ကြတယ်"

*(တင်ပါ့ဘုရား)*

"ဘုရားရှင်နဲ့ ရဟန္တာ အရှင်သူမြတ်ကြီးတွေ၊ အနာဂါမ် ပုဂ္ဂိုလ်မြတ်ကြီးတွေ၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ်တွေ၊ အဲဒီ သူတော်ကောင်းကြီးတွေဟာ ဘုန်းကြီးတို့ ပရိသတ်တွေကို ဒုက္ခတွေ ချုပ်ငြိမ်းရုပ်သိမ်းစေတတ်သော နည်းကို ညွှန်ပေးတယ် မဟုတ်လား"

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နေထိုင်လျက်ရှိသော ဤလောကကြီးသည် သုခသဘောတွေနဲ့ နေရတာ ဟုတ်ကဲ့လား"

*(မဟုတ်ပါဘုရား)*

"သုခအတုတွေနဲ့ နေနေရတာပါ၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"သုခ လုံးဝကြီး မရှိဘူးလို့ ဆိုလိုတာတော့ မဟုတ်ဘူးနော်၊ အနည်းငယ်သော သုခတွေ ရှိပါတယ်။ သို့သော် အဲဒီသုခက ဘုံဘဝတွေကို ဆက်သွယ်ပြီးတော့ နေတတ်တယ်။ ဘုံဘဝတွေကို ဆက်သွယ်ပြီး နေခြင်းကြောင့် ချမ်းသာအစစ် မဟုတ်ဘူး။ လောဘ စသော ကိလေသာတရားတို့နဲ့ ဆက်စပ်မှု ရှိနေခြင်းကြောင့် ဒုက္ခသစ္စာ၏ အကြောင်းတရားသာ ဖြစ်တယ်"

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"ဒီတော့ ဘုရားရှင်နဲ့တကွ အရိယာ သူတော်ကောင်းကြီးတို့သည် တစ်လံမျှ လောက်ရှိသော ဟောဒီ ခန္ဓာကိုယ်ကြီးထဲ မှာ ချမ်းသာအစစ်ကို ရှာတယ်နော်။ တစ် နည်းအားဖြင့် ပြောရရင် အမြတ်ရှာပါတယ်။ ဟုတ်ရဲ့လား"

*(တင်ပါ့ဘုရား)*

"ကဲ … ဒီနေ့ ဘုန်းကြီးတို့ ပရိသတ် တွေ ဒီနေရာ ဒီဌာနကို လာရောက်ကြတာ ဟာ ဘာရှာဖို့ပါလိမ့်"

*(အမြတ်ရှာဖို့ပါဘုရား)*

"တစ်နည်းအားဖြင့် ချမ်းသာကို ရှာ ချင်လို့၊ ဟုတ်ပြီလား"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



## သနားစရာ များသတ္တာ

"ဟောဒီ ဓမ္မရိပ်သာမှာ မေးမိတ်ပြီး တော့ တို့ဘာကို လိုချင်လို့ ဒီနေရာကိုရောက် လာသလဲလို့ ကိုယ့်ကိုယ်ကို စစ်လိုက်လို့ရှိရင် အဖြေတွေ့ပါလိမ့်မယ်၊ ဟုတ်လား။ ဘာလို ချင်လို့ပါလိမ့်"

*(နိဗ္ဗာန်ကို လိုချင်လို့ပါဘုရား)*

"မှန်တယ်။ လိုရင်းပြောရင် တရားကို လိုချင်တယ်။ ဒီထက်မက နားထောင်လို့ ကောင်းမယ့် စကားလုံးနဲ့ ပြောရင်တော့ နိဗ္ဗာန်ကို လိုချင်လို့ပါပဲ"

*(တင်ပါ့ဘုရား)*

"ဟုတ်ကဲ့လား။ ဒါကြောင့် နိဗ္ဗာန်ကို လိုချင်လို့ တို့သွားနေကြတာနော်။ ဘယ်လို ပုံစံတွေနဲ့ သွားနေသလဲဆိုရင် ထိုင်ပြီးတော့ သွားနေတယ်၊ ရပ်မှတ်ပြီတော့ သွားနေ တယ်၊ စင်္ကြံလျှောက်ပြီးတော့ သွားနေတယ်၊

http://www.dhammadownload.com



လျှောင်းပြီးတော့ အိပ်၍မှတ်ပြီး သွားနေတယ်။ ဒီထက်မက ပြောရရင် စားသောက်ရေချိုး နေထိုင်နေရင်း ကျင်ကြီးကျင်ငယ်စွန့်ရင်းလည်းပဲ သွားနေပါတယ်”

*(တင်ပဲ့ဘုရား)*

“ဘယ်နေရာသို့ သွားနေသလဲလို့မေးရင် မရောက်ဖူးသောနေရာ၊ ဟုတ်ပြီလား။ သဘောပေါက်တယ်နော်”

*(တင်ပဲ့ဘုရား)*

“ဘယ်သောအခါမှ မရောက်ဖူးခဲ့ဘူး၊ ဘယ်ဘုံ ဘယ်ဘဝတုန်းကမှ မရောက်ဖူးခဲ့ဘူး။ မည်သည့်ပုဂ္ဂိုလ်တွေ နတ်ဗြဟ္မာတွေလည်း သွားလို့ မရောက်ဖူးသေးတဲ့နေရာ၊ အဲဒီနေရာကို သွားနေတယ်။ သွား၍နေပေမယ့် မရောက်ဖူးသေးတဲ့မြို့ကို သွားနေတယ်၊ မရောက်ဖူးသေးတဲ့ နေရာဆီသို့ ဟုတ်လား”

http://www.dhammadownload.com



(တင်ပါ့ဘုရား)

"အဲဒါတွေကို တင်စားပြီးတော့ နိဗ္ဗာန်မည်ခေါ် နန်းမြို့တော်သို့ ဆိုပြီးတော့ ပြောကြတယ်၊ တကယ်တမ်းကျတော့ နိဗ္ဗာန် မည်ခေါ် နန်းမြို့တော်ဟာ ဒုက္ခခပ်သိမ်းတို့ ချုပ်ငြိမ်းရာဖြစ်ပြီး ရာဂတည်းဟူသော ကိလေသာတို့ ချုပ်ငြိမ်းရာဖြစ်သော၊ လောဘတရားတို့၏ ချုပ်ငြိမ်းရာဖြစ်သော၊ မောဟတရားတို့၏ ချုပ်ငြိမ်းရာဖြစ်သော ငြိမ်းအေးမှု သဘောသက်သက်ကို ဆိုလိုခြင်း ဖြစ်ပါတယ်"

(တင်ပါ့ဘုရား)

"နော် လောဘတရားဟာ ပူလောင်တယ်၊ ဒေါသဟာ ပူလောင်တယ်၊ မောဟတွေဟာ ညစ်နွမ်းပူလောင်တယ်။ သို့ပေမဲ့လည်းပဲ တို့ပရိသတ်တွေဟာ ဘုရားရှင်နဲ့ အရိယာသူတော်ကောင်းကြီးများကသာ ဒီ

http://www.dhammadownload.com



လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာတရားတွေ ပူလောင်တယ်လို့ ညွှန်ပြမှုမရှိခဲ့ရင် ပူလောင်နေပေမယ့် ပူလောင်တာကို ပူလောင်မှန်း သိခဲ့ကြရဲ့လား"

*(မသိခဲ့ပါဘုရား)*

"မသိဘူးနော်။ ဒါကြောင့်သာလျှင် ဘုရားရှင်နဲ့တကွ ရှေးအရိယာ သူတော်ကောင်းကြီးများက ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒုက္ခဘုံထဲမှာ ကျင်လည်နေရတာကို သနားလွန်းလို့ ဟောတော်မူခဲ့တာ ဟုတ်ကဲ့လား"

*(တင်ပါ့ဘုရား)*

"သူတော်ကောင်းကြီးတွေက ဘုန်းကြီးတို့ ပရိသတ်များကို သနားလွန်းလို့နော်"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



## ဘဝသံသရာ စုံလင်စွာ

"အရိယာမျက်လုံးနဲ့များ ကြည့်ရင် ပုထုဇဉ်ဘဝ သိပ်ကြောက်စရာ ကောင်းတယ်"

*(တင်ပါ့ဘုရား)*

"မျက်စိသူငယ် နားသူငယ်နဲ့ ဘယ်သွားရမှန်းမသိ၊ သံသရာဘဝကြီးထဲမှာ စမ်းတဝါးဝါးနဲ့ ဘယ်ဘုံဘယ်ဘဝ ရောက်ရမယ်မှန်းလည်း မသိ၊ ကျောက်ခဲတစ်လုံးကို မြစ်ထဲ ပစ်ချလိုက်ရင်တောင်မှ ပြန်ကောက်လို့ ရနိုင်ကောင်းသေးတယ်၊ ခုတော့ ပုထုဇဉ်များ ဖြစ်ရတာ ဘယ်ဘုံဘယ်ဘဝ ရောက်ရမှန်းမှ မသိနိုင်တာ သနားစရာ မကောင်းလှဘူးလား"

*(ကောင်းပါတယ်ဘုရား)*

"အဲသလို ပုထုဇဉ်များတို့ကို အရိယာသူတော်ကောင်းကြီးများက သိတော်မူတယ်။

http://www.dhammadownload.com



ဒါကြောင့် ဒီနေရာ ဒီဌာနက ဘယ်သောခါမှ မရောက်ဖူးတဲ့မြို့ကို ရောက်အောင်လာကြ၊ အမြဲမပြတ် ရောက်ဖူးနေကျဖြစ်တဲ့ သုံးဆယ့်တစ်ဘုံတည်းဟူသော မြို့တွေကို ထားရစ်ခဲ့ကြပါလော့ ဆိုပြီးတော့ ကယ်တင်မနေဘူးလား။

*(ကယ်တင်ပါတယ်ဘုရား)*

"ငရဲပြည်လို့ခေါ်တဲ့ မြို့ကိုလည်း အမြဲမပြတ် ရောက်ဖူးခဲ့ကြပြီးပြီ၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"လူ့ဘဝ လူ့လောကကြီးနဲ့ အမျိုးမျိုးသော ဘဝတွေကိုလည်း ရောက်ဖူးခဲ့ကြတာ ရေတွက်လို့ မကုန်နိုင်တော့ဘူး"

*(တင်ပါ့ဘုရား)*

"နတ်ဘုံ နတ်နန်း နတ်ဘဝတွေကိုလည်း ရောက်ဖူးခဲ့ကြတာ အမြောက်အမြားပဲ၊ ဟုတ်လား"

http://www.dhammadownload.com



*(တင်ပါဘုရား)*

"ဗြဟ္မာဘဝတွေကိုလည်းပဲ အားထုတ်ကြပြီး ရောက်ခဲ့ကြပြီးပြီ"

*(တင်ပါ)*

"ဘုန်းကြီးတို့ရော၊ ဒကာ ဒကာမတွေရော ရောက်ဖူးခဲ့ကြတာက သုံးဆယ့်တစ်ဘုံ"

*(တင်ပါဘုရား)*

သုံးဆယ့်တစ်ဘုံထဲမှာ မရောက်ဘူးခဲ့တဲ့နေရာ မရှိခဲ့ကြတော့ဘူး၊ အကုန်ရောက်ဖူးခဲ့တဲ့ နေရာတွေချည်းပဲ၊ ဟုတ်ကဲ့လား"

*(တင်ပါဘုရား)*

"တစ်နေရာ တစ်နေရာမှာ ရောက်ခဲ့ဖူးကြတာ ဘဝပေါင်း မြောက်မြားစွာ ရေတွက်လို့ ကုန်ရဲ့လား"

*(မကုန်ပါဘုရား)*

"မြောက်မြားစွာလည်း သေခဲ့ကြပြီးပြီ၊ ဟုတ်လား"

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"အရိုးတွေလည်း တောင်လိုပုံခဲ့ကြပြီးပါပြီ၊ ငိုကြွေးခဲ့ကြရတဲ့ ဘဝတွေမှာကျခဲ့ရတဲ့ မျက်ရည်တွေဟာလည်း မဟာသမုဒ္ဒရာမှာရှိတဲ့ ရေတွေထက် များခဲ့ပြီးပြီ"

*(တင်ပါ့ဘုရား)*

"အမေသေလို့ ငိုခဲ့တဲ့မျက်ရည်တွေ၊ အဖေသေလို့ ငိုခဲ့ရတဲ့ မျက်ရည်တွေ၊ အဘိုးအဘွားတွေသေလို့ ငိုခဲ့ရတဲ့ မျက်ရည်တွေ၊ မယားသေလို့ ငိုခဲ့ရတဲ့ မျက်ရည်တွေ၊ လင်သေလို့ ငိုခဲ့ရတဲ့မျက်ရည်တွေ၊ သားတွေ သမီးတွေ မြေးတွေ မြစ်တွေ ညီအစ်ကိုမောင်နှမတွေသေလို့ ငိုခဲ့ရတဲ့ မျက်ရည်တွေကို စုစည်းထားမယ်ဆိုလို့ရှိရင် သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက် များခဲ့ကြပြီးပြီ"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"ရောက်ဖူးခဲ့တဲ့ ဘဝတွေက များလွန်းလို့နော်"

*(တင်ပေါ့ဘုရား)*

## မိုးအောက်တစ်ခွင် မြေသုသာန်

"လူ့ဘဝ လူ့ခန္ဓာကြီး ရပြီးတော့လည်း သောကတွေ ရင်ဝယ်ပိုက်ပြီး အိုနာသေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ဘဝ၊ နတ်ဘုံ၊ နတ်နန်း၊ နတ်ဘဝ၊ ဗြဟ္မာဘဝတွေမကဘဲ အပါယ်လေးဘုံမှာလည်းပဲ တစ်ဘဝပြီး တစ်ဘဝ ကျင်လည်လာခဲ့ရတဲ့ ဘဝတွေဟာလည်း ရေတွက်လို့မကုန် အများကြီး ဟုတ်လား"

*(တင်ပါ)*

"ခဏခဏဆိုသလို ဒုက္ခပေါင်းမြောက်မြားစွာတို့ကို ရင်ဝယ်ပိုက်ပြီး သေပွဲဝင်ခဲ့တဲ့ ဘဝတွေဟာလည်း ရေတွက်လို့

http://www.dhammadownload.com



မကုန်။ မရောက်ဘူးတဲ့ ဘဝဆိုတာ မရှိခဲ့တော့ဘူးနော်”

*(တင်ပါ့ဘုရား)*

“သုံးဆယ့်တစ်ဘုံမှာ ခြေရာတွေအများကြီး ထပ်ခဲ့ပြီးပြီ”

*(တင်ပါ့ဘုရား)*

“ခြေရာထပ်ပြီးတော့ကို နေလာခဲ့တာ၊ ကိုယ့်အသေပေါ် ကိုယ်ထပ်၊ ကိုယ့်အသေပေါ် ကိုယ်အိပ်၊ နေရာတိုင်းမှာ ကိုယ့်အသေ နေရာတွေပေါ်မှာ ကိုယ့်အိမ်တွေဆောက်ပြီးတော့ကို နေလာခဲ့တာပါ”

*(တင်ပါ့ဘုရား)*

“မိမိ သေခဲ့ဖူးတဲ့ သင်္ချိုင်းကုန်းကြီးပေါ်မှာ အပင်တွေစိုက်ပြီးတော့လည်း စားခဲ့ရတယ်”

*(တင်ပါ့ဘုရား)*

“ကိုယ့်သင်္ချိုင်းမှာ ကိုယ်အိပ်၊ ကိုယ့်

http://www.dhammadownload.com



သချိုင်းမှာ ကိုယ်မွေး၊ ကိုယ့်သချိုင်းမှာ ကိုယ်စားသုံးပြီးတော့ ထပ်တလဲလဲ ထပ်တလဲလဲနဲ့ သေပွဲတွေ ဝင်နေကြရတာ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ ဘဝနော်"

*(တင်ပါ့ဘုရား)*

## အချစ်ဆုံး အမုန်းနိဂုံး

"လောကကြီးကို နားလည်ဖို့ လိုအပ်တယ်နော"

*(တင်ပါ့ဘုရား)*

"လောကကြီးကို နားမလည်ရင် သံသရာမှာ ပိုပြီး ဆင်းရဲရတယ်"

"လောကဆိုတာ ဖြစ်တတ်ပျက်တတ်လို့ လောက၊ ဖြစ်လည်း ဖြစ်နေတယ်၊ ပျက်လည်း ပျက်နေတယ်၊ ဖြစ်ပေါ်လာသော ရုပ်နာမ်လောကကြီး၊ မွေးဖွားလာတဲ့ ခန္ဓာ

http://www.dhammadownload.com



ကိုယ်ကြီးသည့် သေခြင်းသဘောသာ ရှိတယ်နော”

(တင်ပဲ့ဘုရား)

“သေခြင်းတရားဟာ မြဲခြင်းရှိပါတယ်၊ အိုးဖုတ်သမားသည် ဘယ်လောက်ပင် အိုးတွေကို လှလှပပ ဖုတ်သော်လည်း ကွဲခြင်းသဘောသာ ရှိပါတယ်၊ ဟုတ်လား”

(တင်ပဲ့ဘုရား)

“ပျက်စီးတတ်သော အရာဝတ္ထုသဘောတရားတို့သည် ပျက်စီးခြင်းသာလျှင် အဆုံးရှိတယ်။ နားလည်တယ်နော”

(တင်ပဲ့ဘုရား)

“ဘယ်လောက်ပင် အိမ်တွေရာတွေ အိမ်ကြီးရာကြီး ဆောက်ပင် ဆောက်ငြားပါသော်လည်း တစ်နေ့နေ့မှာ ပျက်စီးခြင်းသဘောပဲ ရှိပါတယ်။ သဘောပေါက်တယ်နော်”

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

“ဒါကြောင့် ပျိုသမျှဟာ အိုဖို့ပါ။ ပြုံးတာမုန်းဖို့ပဲ ဟုတ်လား။ စာဆိုရှိပါတယ်၊ ပျိုတာဟာ အိုဖို့အတွက် အကြောင်းသာလျှင် ဖြစ်တယ်၊ ပျိုရင်း အိုရင်း တဖြည်းဖြည်း အိုလာ၊ အိုရာကနေပြီးတော့ နာလာရတယ်၊ နာရာကနေပြီးတော့ သေရပြန်တယ်။ ဟုတ်လား”

*(တင်ပါ့ဘုရား)*

“ပျိုရာကအို၊ အိုရာကနာ၊ နာရာက သေ၊ အိုသေ နာသေ သေသာသေ၍ အတည် တကျ မရှိကြဘူး ဆိုသည့်အတိုင်း သူတော် ကောင်းကြီးတွေက ဘယ်လောက်ပင် ချော ချော၊ ဘယ်လောက်ပင် လှလှ၊ ဘယ်လောက် ပင် ဥစ္စာတွေ ရှိပင်ရှိငြားသော်လည်း ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ရေ ‘ပျိုသမျှဟာ အိုဖို့ပါ၊ ပြုံးတာ မုန်းဖို့ပဲ’

http://www.dhammadownload.com



ဆိုတဲ့အတိုင်း 'ဘယ်လောက်ပင် ပြုံးပြုံး ပြုံးပြုံးနဲ့ နေရပင်ငြားသော်လည်း အပြီးသတ် တော့ မုန်းရမှာပဲလို့ သိနေတယ်နော"

*(တင်ပေါ့ဘုရား)*

"ဒါကြောင့် ဘယ်လောက်ပဲ ချစ်ချစ် အချစ်ကစသော်လည်း အမုန်းမှာ အဆုံး သတ်ပါတယ်။ ဘယ်လောက်ပဲ ချစ်ပါတယ်၊ ခင်ပါတယ်၊ ကြင်နာပါတယ်၊ မြတ်နိုးပါ တယ်၊ တွယ်တာပါတယ်လို့ လျှာမှာအရိုး မရှိတိုင်း အမျိုးစုံ ပြောပင်ပြောငြားသော် လည်းပဲ နောက်ဆုံး ဘယ်မှာအဆုံးသတ် တာတဲ့လဲ"

*(အမုန်းမှာပါဘုရား)*

"သို့ပေမယ့် ဒီသဘောတရားတွေကို နားမလည်ပါဘဲနဲ့ အဝိဇ္ဇာ တဏှာတရား တွေက ခန္ဓာမှာ ဝင်ပုန်းပြီးတော့ ချယ်လှယ် သမျှ ဘုန်းကြီးတို့ ပရိသတ်များက နားဝင်

http://www.dhammadownload.com



လေးချိုပြီးတော့ ပြုံးပြုံး ပြုံးပြုံးနဲ့၊ ဟုတ်
သလိုလို အထင်ကြီးလာခဲ့ရတယ်။ ဟုတ်ရဲ့
လား”

*(တင်ပါ့ဘုရား)*

## အပြုံးမျက်နှာ ကျွန်တကာ

“သူတော်ကောင်းကြီးများက လှမ်း
ပြီးတော့ ကြည့်လိုက်မယ် ဆိုလို့ရှိရင် ဘုန်း
ကြီးတို့ ဒကာ ဒကာမတွေ ပြုံးနေတဲ့ အပြုံး
သည် တဏှာပြုံး ပြုံးနေတယ်လို့ မြင်တယ်
နော်”

*(တင်ပါ့ဘုရား)*

“ဘာပြုံး ပြုံးတာတဲ့လဲ၊ ပြန်ပြောပါ
ဦး”

*(တဏှာပြုံး ပြုံးတာပါဘုရား)*

“တဏှာပြုံး ပြုံးနေတာ၊ ကျွန်ပြုံး
ပြုံးနေတာ၊ ဟုတ်လား။ ခပ်ရင့်ရင့်ကလေး
ပြောရင် ကျွန်ပြုံး ပြုံးတာနော”

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"အေး ... တကျောကျွန် ဖြစ်နေတယ် မဟုတ်လား။ ဩော် ... ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အဲသလိုတွေ ဖြစ်နေရတာ။ တစ်ခါတုန်းက ဘုန်းကြီး အိမ်တစ်အိမ်ကို ဆွမ်းကပ်ဖို့ ပင့်လို့ ကြွပေးရတယ်။ အဲဒီအိမ် ရောက်တော့ ဆွမ်းတွေ ဘာတွေ ကပ်ပြီး တော့ ဒကာကြီးက ဘာပြောသလဲဆိုရင် 'အရှင်ဘုရား၊ ဒီနေ့ ဆွမ်းဘုဉ်းပေးလို့များ အဆင်ပြေရဲ့လား ဘုရား' လို့ လျှောက် တယ်။ ဒီတော့ ဘုန်းကြီးကလည်း မဆိုး ပါဘူး၊ တော်တော်လေး အဆင်ပြေပါတယ် ဒကာလို့ ဆိုတော့ သူက ဆက်ပြောတယ်။ 'အဆင်ပြေမှာပေါ့ဘုရား၊ တပည့်တော် အိမ် ရှင်မက သိပ်အချက်အပြုတ် ကောင်းတာ ဘုရား' အမယ် ... ဟုတ်လားပရိသတ် ဘာတဲ့၊ အိမ်ရှင်မက သိပ်အချက်အပြုတ်

http://www.dhammadownload.com



ကောင်းတာ၊ အဲဒါတွေအားလုံး သူ့လက်ရာ ချည်းပဲဘုရားဆိုတော့ အမယ် ... အိမ်ရှင်မ ကလည်း ပြုံးပြုံး ပြုံးပြုံးနဲ့။ တစ်ယောက်က မြှောက်ပေးလိုက်တာနဲ့ ပြုံးနေတာဟာ ဘာ ပြုံး ပြုံးတာတဲ့လဲ"

*(ကျွန်ပြုံး ပြုံးတာပါဘုရား)*

"ကျွန်ပြုံးပြုံးတာ ဟုတ်လား၊ ခိုင်းမှန်း မသိဘူး။ ဒီက ကျွန်အဖြစ်နဲ့ ရုန်းထွက်လို့ မရအောင် ခိုင်းနေမှန်း မသိဘူး။ တကျော ကျွန်အဖြစ်နဲ့ ခိုင်းနေမှန်း သိရဲ့လား"

*(မသိပါဘုရား)*

"အဲဒီတော့ အမျိုးသမီးကလည်း ပြန် ပြောတယ်၊ 'မဟုတ်ပါဘူးဘုရား၊ တပည့် တော် အိမ်ရှင်က အရာအဖွေကောင်းလို့ တပည့်တော် လုပ်နိုင်တာပါ' အမယ် ... ဒီလို ပြန်ပြောတာနော၊ ဟုတ်လား။ ဘာတဲ့ အိမ် ရှင်က အရာကောင်းတယ်ဆိုတော့ ဘုန်းကြီး

http://www.dhammadownload.com



ကလည်း အကဲခတ်ကြည့်တော့ ဒကာ့မျက်နှာက ပြုံးပြုံး ပြုံးပြုံး လုပ်နေပြန်ရော။ ဟုတ်လား ပရိသတ်”

*(တင်ပ့ါဘုရား)*

“အရှာကောင်းတယ် ပြောလိုက်တော့ကဲ ... အိမ်ရှင်ယောက်ျား မျက်နှာက ဘာဖြစ်နေပါလိမ့်”

*(ပြုံးနေပါတယ်ဘုရား)*

“ပြုံးတယ်၊ ဘာပြုံး ပြုံးတာတဲ့လဲ”

*(ကျွန်ပြုံးပါဘုရား)*

“ကျွန်ပြုံး ပြုံးတာနော။ ဩော် ... ငါ့ကို ခိုင်းနေပါပေ့လား၊ ရုန်းထွက်လို့မရအောင် ကျွန်ကဲ့သို့ ခိုင်းနေပါပေ့လားလို့ ဘုန်းကြီးတို့ ပရိသတ်တွေက အရိပ်ကျရဲ့လား”

*(မကျပါဘုရား)*

“ဩော် ... ဘာဝကို နားမလည်လို့နော”

http://www.dhammadownload.com



*(တင်ပေါ့ဘုရား)*

"အကောင်ပြတာတောင် အရိပ်မြင်ရဲ့လား"

*(မမြင်ပါဘုရား)*

"အင်း ... တဏှာနဲ့ခိုင်းတော့ ခင်လိုက် မင်လိုက်ရတာ၊ ပျော်လိုက် ရီလိုက်ဟုတ်လား၊ ငိုလည်း ငိုရတယ်နော်။ ဩော် ... လောကအလယ်မှာ သောကတွေပွားပြီးတို့ဒကာ ဒကာမတွေ အဝိဇ္ဇာတဏှာတို့ရဲ့ လက်ချက်ထဲမှာ ဒုက္ခတွေ ခံနေရတာ ကိုယ့်ကိုယ်ကို သဘောပေါက်ကြစမ်းပါ"

*(တင်ပေါ့ဘုရား)*

"နော် ကိုယ့်ကိုယ်ကို သဘောပေါက်ထားလို့ရှိရင် မိမိဘဝလေးကို မိမိသဘောပေါက်ထားလို့ရှိရင် အဲဒီလိုဘဝမျိုးနဲ့ နေရပင်ငြားသော်လည်း သတိကလေးနဲ့ ထိန်းသိမ်းတတ်တာပေါ့။ ဟုတ်လား"

http://www.dhammadownload.com



(တင်ပဲ့ဘုရား)

"အရိယာ သူတော်ကောင်းကြီးတွေ ကျပြန်တော့ ဒီလို အဝိဇ္ဇာတဏှာရဲ့ လက်ချက်မှာ မိနေကြတဲ့သူတွေကို မြင်တော့ သနားရှာတယ်နော်"

(တင်ပဲ့ဘုရား)

"ဪ... ပုဂ္ဂိုလ် သတ္တဝါတွေဟာ အဝိဇ္ဇာတဏှာတွေနဲ့သာ အချိန်တွေ ကုန်နေကြပါပေါ့လား၊ လောဘနဲ့ အချိန်ကုန်ကြ၊ ဒေါသနဲ့ အချိန်ကုန်ကြ၊ မောဟနဲ့ အချိန်ကုန်ကြ၊ တစ်နေ့တစ်နေ့ကို လောဘ၊ ဒေါသ၊ မောဟတရားတွေ၊ ဣဿာမစ္ဆရိယတွေနဲ့သာ အချိန်တွေ ကုန်နေကြပါပေါ့လား။ ကြည့်စမ်း၊ သွားလိုက် လာလိုက် ပျော်လိုက် ပါးလိုက် ငိုလိုက် ရီလိုက်နဲ့ ဟုတ်လား"

(တင်ပဲ့ဘုရား)

http://www.dhammadownload.com



"အဲသလို ဒကာ ဒကာမတွေက ကိုယ့်ကိုယ်ကိုကော သိရဲ့လား"

*(မသိပါဘုရား)*

"ကိုယ်သွားရမယ့် လမ်းကော သိရဲ့လား"

*(မသိပါဘုရား)*

"ကိုယ်လာခဲ့တဲ့ လမ်းကိုကော"

*(မသိပါဘုရား)*

"လာတဲ့လမ်းလည်း မသိ၊ သွားရမယ့်လမ်းလည်း မသိ၊ အိုရမယ်၊ နာရမယ်၊ သေရမယ်ဆိုတာလည်း မေ့နေကြတယ်"

*(တင်ပါ့ဘုရား)*

"အဝိဇ္ဇာတဏှာတို့ရဲ့ လက်ချက်ထဲမှာသာ အလူးအလိမ့်ကြီးကို ကျေကျေနပ်နပ်ကြီး ခံနေကြတာ ဟုတ်ရဲ့လား"

*(တင်ပါ့ဘုရား)*

"ဘယ်ရောက်လို့ ရောက်နေမှန်းမသိ

http://www.dhammadownload.com



တဲ့ စိတ်တွေနဲ့ လှုပ်ရှားရုန်းကန်နေရင် သေပြီးရင် ဘယ်ရောက်မယ်ဆိုတာ သိနိုင်ပါ့မလား"

*(မသိနိုင်ပါဘုရား)*

## ပဟေဠိပုစ္ဆာ အဖြေရှာ

"အေး ... ရက်ကန်းသည် အမျိုးသမီးလေးကို ဘုရားရှင်က မေးတယ်မဟုတ်လား၊ အေး ... ချစ်သမီး သင်သည် ဘယ်ကလာသလဲလို့ မေးလိုက်တော့ 'မသိပါဘုရား' လို့ ဖြေလိုက်တယ်နော်။ ဘုရားရှင်က ဉာဏ်နဲ့ မေးတာမှန်း သူသိပြီးတော့ ဉာဏ်ကလေးနဲ့ ပြန်ဖြေလိုက်တာ၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ဒီတော့ ဘုရားရှင်က သင်ချစ်သမီး 'ဘယ်ကိုသွားမှာလဲ' မေးပြန်တော့လည်း 'မသိပါဘုရား' လို့ ဖြေပြန်တယ်နော်"

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"ဒီတော့ ဘုရားရှင် ထပ်ပြီးတော့ ကဲ ... ဒါဆိုရင် သင်ချစ်သမီး 'တကယ်မသိဘူးလား' လို့ မေးပြန်တဲ့ခါကျတော့လည်း 'သိပါတယ်ဘုရား' လို့ ပဟေဠိဆန်ဆန် ဖြေလိုက်ပြန်တယ်၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ဒီတော့ နောက်ဆုံးမေးခွန်းအနေနဲ့ ဘုရားရှင်က သင်ချစ်သမီး 'သင်တကယ်သိသလား' လို့ ထပ်မေးပြန်တယ်၊ ဒီတော့လည်းပဲ 'မသိပါဘုရား' ဆိုပြီးတော့ ဖြေလိုက်ပြန်တယ်နော်"

*(တင်ပါ့ဘုရား)*

## ဖြစ်ပြီးခန္ဓာ မသိပါ

"အဲဒီ ဘုရားရှင်နဲ့ အမျိုးသမီးလေးတို့ရဲ့ ဉာဏ်အမေးအဖြေတွေကို ဘေးက

http://www.dhammadownload.com



လူပရိသတ်တွေက နားမလည်နိုင်တော့ ဘုရားရှင်က ချစ်သမီး ဒီမေးခွန်းတွေရဲ့ အဓိပ္ပာယ်ကို လူတွေသိနားလည်အောင် ပြန် ပြောပြစမ်းပါ၊ ပြောပြလိုက်စမ်းပါလို့ဆို တော့ အဲဒီ အမျိုးသမီးလေးက မြတ်စွာ ဘုရား တပည့်တော်ဟာ အိမ်ကလာခဲ့တာမို့ 'ဘယ်ကလာသလဲ' လို့ ဘုရားရှင် မေးတာ ဟာ အိမ်ကလာတာကို ဆိုလိုတာ မဖြစ် နိုင်ဘူး၊ ဘယ်ဘုံ ဘယ်ဘဝက လာတာကို သိလို၍သာ မေးခြင်းဖြစ်မယ် ဆိုပြီးတော့ တပည့်တော်က တကယ်မသိခြင်းကြောင့် ပထမမေးခွန်းကို 'မသိပါဘုရား' လို့ ဖြေ ခြင်းဖြစ်ပါတယ် မြတ်စွာဘုရားလို့ဆိုတော့ ဘုရားရှင်က သာဓုသုံးကြိမ် ခေါ်တော်မူ တယ်နော်"

*(တင်ပါ့ဘုရား)*

"ဘုန်းကြီးတို့ ဒကာ ဒကာမတွေ

http://www.dhammadownload.com



ကကော ဘယ်ဘုံ ဘယ်ဘဝက လာခဲ့တာကို သိကြရဲ့လား”

*(မသိပါဘုရား)*

“ခန္ဓာတော့ ရလာခဲ့တာပေါ့၊ ခန္ဓာငါးပါးကတော့ ရခဲ့တာပဲ။ သို့သော် လူ့ဘဝ လူ့ခန္ဓာလား၊ နတ်ပြည်က လာတာလား၊ ဗြဟ္မာ့ပြည်က လာသလား၊ ငရဲက လာသလား စတဲ့ တိကျတဲ့ဘဝကို မပြောနိုင်ဘူး၊ ဟုတ်လား”

*(တင်ပါ့ဘုရား)*

“ခန္ဓာငါးပါး ရရှိပြီးတော့ နေလာရင်း စုတိစိတ်ကျခါနီးမှာ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ သမုဒ္ဒယသစ္စာကို အကြောင်းခံပြီးတော့ ဖျတ်ခနဲဆိုရင် ဒကာ ဒကာမတို့ရေ သင်္ခါရပစ္စယာ ဝိညာဏံဆိုတော့ ယခု ပစ္စုပ္ပန် ဘဝခန္ဓာကြီး ရတယ်မဟုတ်လား”

http://www.dhammadownload.com



*(တင်ပါဘုရား)*

"ကဲ ... ဒါဆိုလို့ရှိရင် ဒကာ ဒကာမ တွေ ဘယ်ကလာသလဲလို့ မေးရင်လည်း မသိဘူးပေါ့နော်"

*(တင်ပါဘုရား)*

## ဖြစ်မည့်ခန္ဓာ မသိပါ

"ဘယ်ကိုသွားမလဲ ဆိုရင်ကော"

*(မသိပါဘုရား)*

"အေး ... တကယ်ဆိုရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ရိပ်သာပြီးရင်တော့ အိမ်ပြန်ရမှာတော့ သိတာပေါ့။ ဒါပေမဲ့ စုတိစိတ် ကျသွားလို့ရှိရင် ဘယ်နေရာ ဘယ်ဘုံ ဘယ်ဘဝ ရောက်ရမလဲဆိုတာ သိနိုင်သလား"

*(မသိနိုင်ပါဘုရား)*

"မသိနိုင်ဘူး။ လောကကြီးမှာ နေ

http://www.dhammadownload.com



ထိုင်ရင်း စဉ်းစားစရာတွေနော်၊ စဉ်းစား သင့်ပါတယ် ဒကာ ဒကာမတွေ၊ ဟုတ် လား”

*(တင်ပါ့ဘုရား)*

“ဟောဒီ ဒကာ ဒကာမတွေဟာ သူ တော်ကောင်းတရားနဲ့ မတွေ့သေးဘူး၊ တရားမရသေးဘူးဆိုရင် လောကကြီးက ကြောက်စရာကောင်းပါတယ်။ ဟုတ်လား”

*(တင်ပါ့ဘုရား)*

ကိုယ်သွားရမယ့်နေရာ မသိဘူး၊ မျက်စိမှိတ်သွားတဲ့နေ့မှာ ဘယ်နေရာ ဘယ် ဘုံဘဝ ရောက်မှာလဲလို့ စဉ်းစားလို့ရှိရင် ဘဝဟာ ကြက်သီးထစရာ ကောင်းပါတယ်၊ သူတော်ကောင်းတရားသာ မကိန်းသေးဘူး ဆိုလို့ရှိရင် ပြောတာနော”

*(တင်ပါ့ဘုရား)*

“မိမိရဲ့စိတ်ကို မိမိရဲ့ ဟဒယနှလုံး

A

http://www.dhammadownload.com



သား အာရုံလေးကို ဘုရားရှင်ရဲ့ အဆုံးအမ တရားလေးနဲ့ ထုံမွှမ်းမထားသမျှ ကာလ ပတ်လုံး ဂတိဟာ မမြဲသေးဘူးနော်။ ဟုတ်လား”

*(တင်ပါ့ဘုရား)*

“ဂတိမမြဲသေးခြင်းကြောင့် မကောင်းသော စိတ်နဲ့သေရင် မကောင်းသော ဘဝကို ရောက်တတ်တယ်။ ဒါကြောင့်မို့လို့ ဘယ်ကို သွားမှာလဲလို့ မေးရင် မသိပါဘုရားလို့ ဖြေတာဟာ အလွန် မှန်မနေဘူးလား”

*(မှန်ပါတယ်ဘုရား)*

“တတိယမေးခွန်းအနေနဲ့ တကယ် မသိဘူးလား ချစ်သမီးလို့ မေးပြန်တော့ လည်းပဲ ‘သိပါတယ်ဘုရား’ လို့ ဖြေပြန် တယ်နော်”

*(တင်ပါ့ဘုရား)*

“ချစ်သမီး လူတွေနားလည်အောင်

http://www.dhammadownload.com



ဒီမေးခွန်းကို ပြန်ပြောပါဦးဆိုတော့ 'သိပါတယ်ဘုရား' ဆိုတာဟာ ခန္ဓာရရင်တော့ တစ်နေ့နေ့မှာ သေကို သေရမယ်ဆိုတာကို သိနေတာပါဘုရားလို့ ပြန်ဖြေတော့ ဘုရားရှင်က သာဓုခေါ်ပြန်တယ်နော်"

*(တင်ပါ့ဘုရား)*

## သေမည့်နေ့ရက် အသိခက်

"ဘုရားရှင်က 'တကယ်သိသလား' လို့ နောက်ဆုံးမေးခွန်းအနေနဲ့ ထပ်မေးပြန်တော့ 'မသိပါဘုရား' လို့ ဖြေတော့ ဒါကိုလည်း လူတွေနားလည်အောင် ပြောပြလိုက်ပါဦးလို့ ပြောတယ်နော်"

*(တင်ပါ့ဘုရား)*

"ဒီတော့ တစ်နေ့နေ့မှာ သေရမှာကိုတော့ သိပေမယ့် ဘယ်နေ့ ဘယ်ရက်မှာ သေရမှာလဲဆိုတာ မသိနိုင်လို့ 'မသိပါ

http://www.dhammadownload.com



ဘုရား’ လို့ ဖြေခြင်းဖြစ်ပါတယ် ဘုရား ဆိုတော့ ဘုရားရှင်က သာဓုခေါ်ပြန်တယ်။ ဟုတ်လား”

*(တင်ပါ့ဘုရား)*

“အဲဒါကြောင့် ဒကာ ဒကာမတွေ မှာလည်းပဲ ဘယ်နေ့ဘယ်ရက်မှာ သေပြီး ဒုဂ္ဂတိလား၊ သုဂတိလား ခွဲခွဲခြားခြား သိနိုင် ရဲ့လား”

*(မသိနိုင်ပါဘုရား)*

“အဲဒီ ‘ရက်ကန်းသည်’ အမျိုးသမီး လေးဟာ ဘုရားရှင်ရဲ့ အမေးအဖြေအဆုံး မှာ သောတာပန် တည်တယ်နော”

*(တင်ပါ့ဘုရား)*

“ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေ တို့ ဒီနေ့ သွားနေတယ်နော”

*(တင်ပါ့ဘုရား)*

“ဘယ်ကို သွားနေကြသလဲဆိုရင်

http://www.dhammadownload.com



ဂတိမြဲသောနေရာသို့ သွားနေတယ်၊ ဒီလိုပဲ ဖြေလိုက်ပါ ဟုတ်လား။ ဘယ်ကိုသွားနေ တယ်"

*(ဂတိမြဲတဲ့ နေရာကိုပါဘုရား)*

"ဂတိမြဲတဲ့နေရာနော်၊ ဘယ်သော အခါကမှ မရောက်ဖူးခဲ့တဲ့နေရာ၊ တစ်နည်း အားဖြင့် နိဗ္ဗာန်နော်၊ နောက်တစ်မျိုး အို နာ သေ မရှိတဲ့နေရာ။ ရှင်းပြီလား"

*(တင်ပါ့ဘုရား)*

## နိဗ္ဗာန်စခန်း ခရီးလမ်း

"အဲဒီ နိဗ္ဗာန်ဆိုတဲ့ အို နာ သေ မရှိ တဲ့ ငြိမ်းအေးတဲ့နေရာကို သွားနေတယ်၊ မရောက် အရောက်ကို သွားနေတယ်၊ မရောက်ဖူးတဲ့နေရာကို မရောက်ရောက် အောင် သွားနေတယ်"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"ဘာကြောင့် သွားနေရသလဲဆိုရင် ချမ်းသာတဲ့နေရာမို့လို့ သွားနေရတာ။ ဆင်းရဲတွေ လုံးဝမရှိတဲ့နေရာ၊ ဆင်းရဲဟူသမျှတွေ လုံးဝချုပ်ငြိမ်း ရုပ်သိမ်းတဲ့နေရာမို့လို့ သွားနေကြပါတယ်။ ရုပ်ဆင်းရဲရော၊ နာမ်ဆင်းရဲရော လုံးဝမရှိတဲ့နေရာ၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေ မရှိတဲ့နေရာနော်။ သောကတွေလည်း မရှိတဲ့နေရာ၊ ပရိဒေဝဆိုတဲ့ ငိုကြွေးရမှုတွေလည်း မရှိဘူး၊ ချစ်ခင်တဲ့သူတွေနဲ့ ကွေကွင်းရခြင်းဆိုတဲ့ ဆင်းရဲတွေလည်း မရှိဘူး၊ မချစ်မနှစ်သက်သူတွေနဲ့ အတူတကွနေရတဲ့ ဆင်းရဲတွေလည်း မရှိဘူး၊ ဆင်းရဲဒုက္ခဟူသမျှ ဘာတစ်ခုမှမရှိတဲ့ နေရာမို့လို့ သွားနေကြရတာနော်"

*(တင်ပါ့ဘုရား)*

"အဲဒီလိုနေရာမျိုးကို မရောက် အရောက် သွားတဲ့ခါမှာ ပေါ့ပေါ့တန်တန် သွားလို့ရပါ့မလား"

http://www.dhammadownload.com



*(မရပါဘုရား)*

"ကြိုးစားရတယ်နော၊ ဒါကြောင့်မို့လို့ ရပ်ပြီး လဲသွားရတယ်၊ ထိုင်ရင်းလည်း သွားရတယ်၊ စင်္ကြံနဲ့လည်း သွားရတယ်၊ လျောင်းပြီးတော့လည်း သွားရတယ်၊ အဆုံးစွန်ပြောရရင် လျှော်ဖွပ်၊ စားသောက်၊ ရေချိုးကအစ ကျင်ကြီးကျင်ငယ်စွန့်တဲ့ အချိန်တွေထိ ကြိုးစားမှတ်ပြီးတော့ သွားနေရတယ် ဟုတ်လား"

*(တင်ပါ့ဘုရား)*

"အဲသလို ကြိုးစားဖန် များလာတော့မှ အဲဒီမရောက်ဖူးတဲ့နေရာကို ရောက်သွားပြီဆိုလို့ရှိရင် ငြိမ်းသွားတာပေါ့၊ ဟုတ်လား။ ငြိမ်းပြီးသွားတဲ့ အဆင့်ကနေ ဘယ်လိုနေနေ လျော့သွားစရာ အကြောင်းမရှိတော့ဘူး၊ တစ်ဆင့်ပြီးတစ်ဆင့် ငြိမ်းသွားဖို့ပဲ အကြောင်းရှိတော့တယ်။ နော်"

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"လောကီစီးပွားဥစ္စာတွေ ရှာတဲ့သူတွေမှာတော့ မြင့်နေတဲ့နေရာမှာ ရှိပင်ရှိငြားလည်း အခန့်မသင့်ရင် နိမ့်သွားတတ်တယ်၊ ကိုယ်ပိုင်ကိုယ်ဆိုင်မှ မရှိဘဲကိုး ဟုတ်လား။ မြတ်တဲ့သဘောမှ မရှိဘဲ၊ ဒါပေမဲ့ လောကုတ္တရာ စီးပွားမှာကျတော့ မရောက်ဘူးတဲ့နေရာကို ရောက်ပြီး မြင့်သွားပြီဆိုရင် ဒီဘဝတင် မြင့်သွားရုံ မဟုတ်ဘူး၊ နောင်ဘဝတွေမှာလည်း ဒီထက်မက တစ်ဆင့်ထက်တစ်ဆင့် မြင့်ပြီး ငြိမ်းသွားဖို့ပဲ ရှိတော့တယ်၊ ပူလောင်ဆင်းရဲစရာတွေ ဖြစ်စရာ အကြောင်းမရှိတော့ဘူး။ မြင့်သထက်မြင့်ပြီး အမြင့်ဆုံး အကောင်းဆုံးနေရာထက် လျော့နည်းသွားစရာ အကြောင်းရှိရဲ့လား"

*(မရှိပါဘုရား)*

"ငြိမ်းတာကို ကိုယ်တိုင်သိတဲ့ ပုဂ္ဂိုလ်ဟာ မငြိမ်းနိုင်တာကို အလိုရှိပါ့မလား"

http://www.dhammadownload.com



*(မရှိပါဘုရား)*

"ဒါကြောင့် ငြိမ်းတဲ့ပုဂ္ဂိုလ်ဟာ ဒီထက်ငြိမ်းဖို့ကိုပဲ သူ ကြိုးစားတော့တယ်။ ကြိုးစားရင်း ငြိမ်းရသလို ငြိမ်းလို့လည်းပဲ ထပ်ပြီးတော့ ကြိုးစားတဲ့အတွက်ကြောင့် ဒီကိလေသာမရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ငြိမ်းချမ်းတဲ့ နိဗ္ဗာန်ကို အလိုရှိတယ်နော်။ ကိလေသာတရားတွေ နည်းပြီး လောဘကို ထိန်းသိမ်းတတ်တဲ့ပုဂ္ဂိုလ်၊ ဒေါသကို ထိန်းသိမ်းတတ်တဲ့ပုဂ္ဂိုလ်၊ လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ၊ မစ္ဆရိယတွေကို ထိန်းသိမ်းတတ်တဲ့ ပုဂ္ဂိုလ်တွေဟာ နိဗ္ဗာန်ကို အလိုရှိပါတယ်။ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"တစ်နည်းအားဖြင့် လောဘတွေငြိမ်းတဲ့ တရားကို အလိုရှိတယ်။ လောဘတွေငြိမ်းကြောင်း၊ ဒေါသတွေငြိမ်းကြောင်း၊

http://www.dhammadownload.com



သောကတွေငြိမ်းကြောင်း တရားကို အလို ရှိတယ်။ မိမိသန္တာန်မှာ မောဟ အစရှိတဲ့ အကုသိုလ်တရားတွေ မရှိခြင်းကြောင့် မောဟတရားတွေကင်းတဲ့ နိဗ္ဗာန်ကို အလို ရှိတယ်"

*(တင်ပါ့ဘုရား)*

"ဉာဏ်ပညာ အမြော်အမြင် ကြီးမား သော ပုဂ္ဂိုလ်များသာလျှင် အလိုရှိတာနော်။ ပညာအမြော်အမြင် နည်းပါးသော ပုဂ္ဂိုလ် များကျပြန်တော့ နိဗ္ဗာန်ကို အလိုရှိနိုင်ပါ့ မလား"

*(မရှိနိုင်ပါဘုရား)*

## တဏှာစိတ်စွဲ ဇာတ်ပွဲရှေ့ဆောင်

"မရှိနိုင်ဘူး။ ဒါဆိုရင် ပညာအမြော် အမြင် ကြီးမားကျယ်ပြန့်တဲ့ ပုဂ္ဂိုလ်တွေကျ ပြန်တော့ နိဗ္ဗာန်ကို အလိုရှိတယ်။ ဒါကြောင့်

http://www.dhammadownload.com



သူတို့ဟာ တစ်ခါမှ မမြင်ဖူးတဲ့ပွဲကို ကြည့်တယ်နော။ ပညာအမြော်အမြင် နည်းပါးတဲ့ ပုဂ္ဂိုလ်တွေကကျတော့ ဗီဒီယိုတို့၊ ရုပ်ရှင်တို့၊ ဇာတ်ပွဲတို့၊ ဇာတ်ကားတွေကိုပဲ ကြည့်ဖူးနေကျဖြစ်ပေမယ့် မြင်ဖူးပြီးသားဖြစ်ပေမယ့် စွဲစွဲလမ်းလမ်း ကြည့်တယ်။ အဲဒီဇာတ်ကားတွေက ခဏခဏ မြင်ဖူးနေတယ်။ ကြည့်တော့လည်း ပူလောင်စေတတ်တယ်၊ စိတ်ကို ညစ်နွမ်းစေတတ်တယ်။ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"အေး ... စိတ်ကို ပူလောင်စေတယ်၊ နှလုံးအိမ်ကို ပျက်စီးစေတတ်တယ်၊ မျက်ရည်ပေါက်ကြီးငယ် ကျရပြီးတော့ ခန္ဓာကိုယ်ကြီးကို ပင်ပန်းစေတယ်နော။ အဲဒီ ရုပ်ရှင်၊ ဗီဒီယို၊ ဇာတ်ပွဲတွေဟာနော ဒကာ ဒကာမတွေ ကိလေသာနည်းနေတာကို များအောင်၊ လောဘနည်းနေတာကို ပိုများလာအောင်၊

http://www.dhammadownload.com



ဒေါသမဖြစ်သေးတာကို ဖြစ်လာအောင်၊ မကြမ်းတမ်းတဲ့စိတ်ကို ကြမ်းတမ်းလာအောင်၊ လုပ်ပေးတာတွေသည် အဲဒီအပြင်လောကပွဲတွေမှာ ရှိတယ် ဟုတ်လား”

*(တင်ပါ့ဘုရား)*

## ခန္ဓာညဏ်သွင်း ပွဲခင်းပမာ

“အခု ဒကာ ဒကာမတွေ တရားစခန်းဝင်ပြီး ကြည့်နေတဲ့ ဇာတ်ပွဲကတော့ ခန္ဓာကိုယ်တည်းဟူသော ဇာတ်ပွဲ။ အဲဒီခန္ဓာကိုယ်တည်းဟူသော ဇာတ်ပွဲကို ကြည့်နေတာ ဟုတ်လား”

*(တင်ပါ့ဘုရား)*

“အဲဒီခန္ဓာကိုယ်တည်းဟူသော ဇာတ်ပွဲကတော့ ဒကာ ဒကာမတွေ ကြည့်လာလေလေ သဘောပေါက်လာလေလေ၊ ပူလောင်မှုတွေ နည်းလာလေလေပဲ။ ဒီဇာတ်ပွဲက

http://www.dhammadownload.com



ဘုရားရှင်အလိုကျ ကြည့်သင့်ကြည့်ထိုက်တဲ့ ဇာတ်ပွဲဖြစ်တယ်။ ဒါပေမဲ့ ဘယ်တုန်းကမှ မကြည့်ခဲ့ကြဘူး၊ မမြင်ဖူးခဲ့ကြပါဘဲနဲ့ အပြင်လောက ဇာတ်ပွဲတွေနဲ့သာ ရှုပ်ယှက်ခတ်ပြီး အချိန်ကုန်နေခဲ့ရတယ်။ အချိန်တွေ ကုန်လာလေလေ ကိလေသာတွေသာ တိုးပွားလာလေလေ ဖြစ်ခဲ့ရပေမယ့် ဒကာ ဒကာမတွေက အဲဒါကို သိသလား"

*(မသိပါဘုရား)*

"ပူတာကိုလည်း ပူမှန်းမသိခဲ့ဘူး၊ ညစ်နွမ်းတာကိုလည်း ညစ်နွမ်းမှန်း မသိခဲ့ဘူး။ သိတယ်ဆိုရင်လည်း သိပေမယ့်လည်း မပယ်တတ်ခဲ့ဘူး။ ကဲ ... ခုတော့ ရိပ်သာထဲမှာ ကိုယ့်ခန္ဓာကိုယ်တည်းဟူသော ဇာတ်ပွဲကို ကြည့်ပြီးတော့ ပြင်ပဇာတ်ပွဲရဲ့ ကိလေသာအာရုံတွေကို ပယ်နေကြတယ်၊ ပယ်ပြီးသား ဖြစ်နေတယ်။ ရှုမှတ်ခြင်းဖြင့် တစ်နည်း

http://www.dhammadownload.com



အားဖြင့် မိမိခန္ဓာကိုယ်တည်းဟူသော ဇာတ်ပွဲကို ကြည့်နေခြင်းဖြင့် ပြင်ပအာရုံတွေကို ပယ်နေကြတယ်။ ဟုတ်လား”

*(တင်ပါ့ဘုရား)*

“အဲဒီ ခန္ဓာကိုယ်တည်းဟူသော ဇာတ်ပွဲကို ကြည့်နေတော့ ခန္ဓာကိုယ်ထဲမှာ ရုပ်ဓမ္မ၊ နာမ်ဓမ္မ၊ သင်္ခါရတရားစုတွေက ဇာတ်ပွဲတွေလိုပဲ အမျိုးစုံပြနေကြတယ်။ အဲဒီ ပြတဲ့ပွဲကို ကြည့်တော့ ဒကာ ဒကာမတွေ တို့ကြည့်တဲ့ပွဲက တစ်ခါမှ မမြင်ဖူးတဲ့ပွဲ၊ ဟုတ်လား”

*(တင်ပါ့ဘုရား)*

## ဉာဏ်ရောင်အလင်း ပွဲခင်းမှာကြို

“အတွေ့အကြုံ အားနည်းတဲ့အခါတော့ တစ်ခါတရံ တုန်လှုပ်မှုလေးတွေ ဖြစ်တတ်တယ်။ ခန္ဓာကိုယ်ကြီးကို ကြည့်ရင်း

http://www.dhammadownload.com



ကြည့်ရင်းနဲ့ သမာဓိစွမ်းအားလေးတွေ ရလာတော့ ကြောက်စရာလိုလိုလည်း တွေ့တတ်တယ်၊ ဟုတ်လား”

*(တင်ပါ့ဘုရား)*

“လန့်စရာလိုလိုလည်း တွေ့တတ်တယ်။ ဒီပွဲကြီးကလေ ဘယ်သောခါမှ မကြည့်ဖူးတဲ့ပွဲဖြစ်တော့ မမြင်ဖူးတာတွေ မြင်ရတော့ စိတ်ထဲမှာ တစ်မျိုးကြီးလည်း ဖြစ်တတ်တယ်”

*(တင်ပါ့ဘုရား)*

“တစ်ခါတစ်ရံ အလင်းရောင်ခတ်တွေလည်း မြင်ရတတ်တယ်။ လင်းတာကလည်း မည်သည့်အလင်းနဲ့မှ မတူပါဘဲနဲ့ လင်းထိန်ပြီးတော့ နေတတ်တတ်တယ်နော်”

*(တင်ပါ့ဘုရား)*

“တစ်ခါတစ်ရံကျတော့ ကြက်သီး

http://www.dhammadownload.com



မွေးညင်းလေးတွေ ထနေတတ်တယ်၊ တစ်ခါတစ်ရံမှာ ဝမ်းနည်းသလိုလိုလည်း ဖြစ်နေတတ်တယ်”

*(တင်ပါ့ဘုရား)*

“တစ်ခါတစ်ရံမှာ ကြည့်နေရင်းပင်လျှင် အလွန်ဖောင်းလာတဲ့ အာရုံတွေလည်း တွေ့တတ်တယ်၊ ဟုတ်လား။ အဲဒါတွေ အားလုံးဟာ မကြည့်ဖူးတဲ့ပွဲကို ကြည့်နေတာဖြစ်တယ် နော”

*(တင်ပါ့ဘုရား)*

“ပွဲကြည့်နေတာ ဟုတ်လား၊ ခန္ဓာကိုယ်တည်းဟူသော ပွဲကိုကြည့်နေတာ။ တစ်နည်းပြောရရင် ရုပ်တရား၊ နာမ်တရား ဆိုတဲ့ ပွဲကိုကြည့်နေတာ”

*(တင်ပါ့ဘုရား)*

“အရိယာသူတော်ကောင်းများ ကြည့်လိုသောပွဲဖြစ်တယ်။ သောတာပန်၊ သကာ

http://www.dhammadownload.com



ဒါဂမ်၊ အနာဂါမ်၊ ရဟန္တာတွေ ကြည့်တဲ့ပွဲကို ကြည့်နေတာ ဟုတ်လား။ သာမန် အန္ဓ ပုထုဇဉ်တွေ ကြည့်လို့ မမြင်နိုင်ဘူး။ ဒါပေမဲ့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရေ အဝိဇ္ဇာ၊ တဏှာ မျက်မှန် စိမ်း တပ်ထားတဲ့ ပုထုဇဉ်တွေ၊ အဝိဇ္ဇာများ တဲ့ ပုဂ္ဂိုလ်တွေ၊ တဏှာများတဲ့ ပုဂ္ဂိုလ်တွေ ဟာ ရုပ်၊ နာမ်၊ ဓမ္မသင်္ခါရ တရားတွေကို (ဝါ) ရုပ်တရားတို့က အမျိုးစုံ ကခုန်နေကြ တာကို၊ နာမ်တရားတို့ရဲ့ ပြောင်းလွဲမှုပေါင်း မြောက်မြားစွာတို့နဲ့ ဖော်ပြနေကြတာကို ပြပင်ပြကြားသော်လည်း မြင်နိုင်ရဲ့လား”

*(မမြင်နိုင်ပါဘုရား)*

“ဟုတ်တယ်။ ရုပ်တရား နာမ်တရား တို့ရဲ့ အမျိုးစုံ ဖော်ပြခြင်းကို မသိနိုင်တာ ဘာတွေရှိနေလို့တဲ့လဲ”

*(အဝိဇ္ဇာ တဏှာပါဘုရား)*

http://www.dhammadownload.com



"အဝိဇ္ဇာ၊ တဏှာတည်းဟူသော အကုသိုလ်စွမ်းအားတို့က ရစ်ပတ်ထားနေလို့၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ဒါကြောင့်မို့လို့ အရင့်အရင်တုန်းက ကြည့်၍ မမြင်တတ်ခဲ့တဲ့ပွဲမို့လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကြည့်၍နေသော မမြင်ဖူးတဲ့ပွဲလို့ တင်စားတာ ဖြစ်တယ်နော်"

*(တင်ပါ့ဘုရား)*

## ခန္ဓာဖြစ်ပျက် ဉာဏ်စက်ရှိန်ဝါ

"ကြည့်နေတယ် ဟုတ်လား။ သို့သော် တစ်ခါ မမြင်ဖူးခဲ့ဘူးနော်၊ ကြည့်၍တော့ နေတယ်၊ မမြင်ဘူးသောအရာကို ကြည့်နေတယ်၊ ဟုတ်လား။ ခန္ဓာကိုယ်ကြီးက တရွရွ တမွမွနဲ့ တစ်ခါတစ်ရံကျတော့ ခန္ဓာကိုယ်ကြီးက ပေါ့ပါးပြီးတော့နေတယ်၊ တစ်ခါ

http://www.dhammadownload.com



တစ်ရံကျပြန်တော့လည်း ကျောက်တုံးကြီးနဲ့ ဖိထားသလို၊ တစ်ခါတစ်ရံကျပြန်တော့ အောက်ပိုင်းတစ်ခုလုံး လေးလိုက်တာ၊ ဘယ်လိုဖြစ်မှန်းကို မသိဘူး။ တစ်ခါတစ်ရံကျတော့ အောက်ပိုင်းတစ်ခုလုံး ပေါ့နေတာပဲ၊ အမျိုးစုံ ပြနေတာနော”

*(တင်ပါဘုရား)*

“ဉာဏ်နဲ့သာ မြင်နိုင်တာ ဟုတ်လား၊ ဘာနဲ့မြင်နိုင်တာတဲ့လဲ”

*(ဉာဏ်နဲ့ပါဘုရား)*

“တစ်ခါတစ်ရံ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လို့ နတ်များဝင်ပူးသလို၊ တစ်ခါတစ်ရံမှာ ထွန့်ထွန့်လူးလောက်အောင်ထိ ဝေဒနာတွေ ပြင်းထန်လွန်းတာလည်း တွေ့ရတတ်တယ်။ အဲသလို ဖြစ်လို့ရှိရင်လည်း စိုးရိမ်စရာ မရှိပါဘူး၊ ကြောက်စရာလည်း မလိုဘူး၊ ဟုတ်လား”

http://www.dhammadownload.com



(တင်ပါ့ဘုရား)

"သတိထားပြီးတော့သာ ဉာဏ်လေးနဲ့ အကဲခတ်ရုံပါပဲ။ ခန္ဓာက ပြနေတာ၊ သုံးဆယ့်တစ်ဘုံလုံးမှာရှိတဲ့ ခန္ဓာကိုယ်ဟူသမျှတွေဟာ ဒီအတိုင်းပဲ ရှိနေတယ်။ ဒီသဘောပဲ ပြနေတာနော်"

(တင်ပါဘုရား)

"ဘဝဇာတ်ခုံထဲမှာ ရုပ်ပေါင်းမြောက်မြားစွာ၊ ရုပ်တရား၊ နာမ်တရားတို့က ပုံစံစုံ ပြနေတာ၊ မရုပ်မနား ပြနေတယ်၊ ဘဝဇာတ်ခုံ ပုံစံစုံနေတယ်နော်"

(တင်ပါ့ဘုရား)

"အမျိုးစုံ၊ ပုံစံစုံပြနေတာ မြင်ရလွန်းတော့ တစ်ခါတစ်ရံကျတော့ ဝမ်းသာလိုက်တာ ဖြစ်နေတတ်တယ်၊ တစ်ခါတရံကျတော့ ဝမ်းနည်းချင်လိုက်တာ မျက်ရည်တွေကျချင်သလိုလို၊ ဟုတ်လား"

http://www.dhammadownload.com



*(တင်ပဲ့ဘုရား)*

"တစ်ခါတစ်ရံကျတော့ ငိုချင်တဲ့စိတ်တွေ မပေါ်ဘူးလား"

*(ပေါ်ပါတယ်ဘုရား)*

"ပေါ်လာရုံမကဘူး မျက်ရည်တွေပါ တလိမ့်လိမ့် စီးဆင်းလာတာနော်။ ရုပ်တရား၊ နာမ်တရားတို့ အမျိုးစုံဖောက်ပြန်ပြီး ထင်ရှားပြနေတယ် မဟုတ်လား"

*(တင်ပဲ့ဘုရား)*

"ဘဝစင်မြင့်ပေါ်ထက်မှာ ကခုန်နေကြတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမများရဲ့ ခန္ဓာကိုယ်ကြီးသည် အမျိုးစုံ ထင်ရှားနေတာကို နားလည်သဘောပေါက်ဖို့ လိုတယ်နော်"

*(တင်ပဲ့ဘုရား)*

"ရရှိထားအပ်သော ဒကာ ဒကာမများရဲ့ ဘဝခန္ဓာကိုယ်ကြီးသည် ဘဝဇာတ်ခုံကြီးပါပဲ။ မိမိတို့ ရုပ်တရား၊ နာမ်တရား

http://www.dhammadownload.com



တို့ရဲ့ ဘဝဇာတ်ခုံ ခန္ဓာကိုယ်ကြီးကို သတိထားပြီးတော့ ဉာဏ်ကလေးနဲ့ ဝီရိယစိုက်ပြီး ကြည့်ဖန်များလာတဲ့အခါ ခန္ဓာကိုယ်ကြီးသည် ပေါ့ပါးပြီးတော့ ဖြစ်လာတတ်သလို တစ်ခါတစ်ရံလည်း လေးနေတတ်တယ်"

*(တင်ပါ့ဘုရား)*

"ဘယ်လိုပဲဖြစ်ဖြစ် ကြောင့်ကြစိတ်မဝင်စေနဲ့။ ဆက်ပြီးတော့သာ ဉာဏ်ကလေးနဲ့ ဆက်တိုက်ဆက်တိုက် အကဲခတ်ထားပေး၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ဒါဟာ အရှိမဟုတ်ဘူး၊ မရှိတရားသာဖြစ်တယ် နော"

*(တင်ပါ့ဘုရား)*

"ခဏသာ ဟန်လုပ်ပြနေတာ၊ ခန္ဓာကိုယ်ကြီးက ဟန်လုပ်ပြနေတာ။ ဒါတွေကို ဉာဏ်နဲ့သာကြည့်ထားဖို့ လိုရင်းပဲ။ ဒေ့

http://www.dhammadownload.com



သည့်အဖြစ် ခဏလာရောက်ပြီး သဘာဝ တရားက မျိုးစုံကပြဖျော်ဖြေနေတာ ဟုတ်လား။ အမျိုးစုံဖော်ပြနေတဲ့ သဘောခတ်ကလေးကို မိမိဉာဏ်ထဲမှာ မြင်တတ်ဖို့သာ အရေးကြီးပါတယ်”

*(တင်ပါ့ဘုရား)*

“တစ်ခါတစ်ရံကျတော့ တရားမှတ်ရတာ ဝမ်းသာနေလိုက်တာ၊ ဘုရားရှင်ကိုလည်း ဘယ်လိုကြည်ညိုနေမှန်း မသိဘူး၊ ကြည်ညိုလို့မဝဘူး ဖြစ်နေတယ်။ တရားတော်ကိုလည်း ကြည်ညိုတယ်၊ ဘယ်လိုကြည်ညိုမှန်းကို မသိဘူး၊ ဘယ်လိုဝမ်းသာကျေနပ်နေမှန်းကို မသိဘူး။ ကိုယ့်ကိုယ်ကိုလည်း ကြက်သီးမွေးညင်းတွေ ထပြီး ရွှင်လန်းနေတာပဲနော်။ စကြံ့တွေ မှတ်လိုက်ပြန်တော့လည်းပဲ ခန္ဓာကိုယ်ဟာ ပေါ့ပါးပြီး ဖြစ်နေတယ်။ အင်း ... အလိုလို ဖျတ်ခနဲ

http://www.dhammadownload.com



ဖျတ်ခနဲ မှတ်ပြီးသားဖြစ်နေပြီး ဝါဂွမ်းပုံပေါ်မှာ သွားနေရသလိုလို ဖြစ်နေတတ်တယ်၊ ခြေဖဝါးနဲ့ အောက်ကို ထိသလိုလို မထိသလိုလိုပေမယ့် မှတ်စိတ်နဲ့ အာရုံနဲ့လည်း ကိုက်နေတာပဲ၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"အဲသလိုပဲ တစ်ခါတစ်ရံကျလို့ရှိရင် ခန္ဓာကိုယ်ကြီးရဲ့ သဘာဝတရားတွေက သူ့ဖာသူ ပြနေတာ၊ တစ်ခါတစ်ရံကျရင်တော့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ ခြေထောက်ကို ကျောက်တုံးကြီး တစ်တုံးနဲ့ ဆွဲထားသလိုလို၊ နောက်ကလှမ်းပြီး ဆွဲသလိုလို၊ မြေကြီးက တိုးသွားပြီး ဒရွတ်တိုက် ဆွဲသလိုလိုလည်း တွေ့နေတတ်တယ်"

*(တင်ပါ့ဘုရား)*

"ဟုတ်ကဲ့လား၊ ရုပ်တရားတို့ရဲ့

http://www.dhammadownload.com



ပြောင်းလဲမှုကို မြင်နေရလို့ ဒီထက်ထူးဆန်းတဲ့ ဇာတ်ပွဲဟာ မရှိနိုင်ဘူးနော”

(တင်ပါ့ဘုရား)

“ရုပ်တရားတို့ရဲ့ ပေါ်ပုံလေးတွေ ပြောင်းလဲပုံလေးတွေကို ကြည့်ပြီး ရုပ်ပိုင်းဆိုင်ရာတို့သည် မမြဲဘူး၊ ဖောက်လွဲဖောက်ပြန် ဖြစ်နေတာကို သတိထားပြီးတော့ ဉာဏ်ကလေးနဲ့ လှမ်းပြီးတော့ ကြည့်နေတိုင်း ကြည့်နေတိုင်း ဒကာ ဒကာမတွေ ခန္ဓာရဲ့ သဘောတို့သည် ကိုယ်ထင်သလို မဟုတ်ဘူး မဟုတ်လား”

(တင်ပါ့ဘုရား)

“ပုံစံစုံ ပြနေတယ်မဟုတ်လား၊ ပုံစံစုံနေတယ်နော်။ သို့သော် ဒါတွေကို သံသယ မပေါ်စေနဲ့၊ ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားသံသယတွေ မဝင်စေနဲ့။ ဒါ ခန္ဓာကပြနေတာ၊ သူ့သဘော သူပြနေတာ ဟုတ်လား။ ကြည့်

http://www.dhammadownload.com



ရမယ့် အလုပ်က ကိုယ့်အလုပ်နော်၊ မြင် အောင်ကို ကြည့်ရမယ်၊ ဟုတ်ပလား။ မြင် အောင် ကြည့်ရမယ့်အလုပ်က ကိုယ့်အလုပ်၊ ပြရမှာက ခန္ဓာရဲ့အလုပ်၊ ဟုတ်လား”

*(တင်ပဲ့ဘုရား)*

“ဩော် ... မမြင်ဖူးတဲ့ သဘောလေး တွေပါလားလို့ ကြည့်ရင်းနဲ့ ဖျတ်ခနဲဆိုရင် ပျောက်သွားပြန်ပြီ ဟော ... ကြည့်ရင်းနဲ့ ပျောက်သွားပြန်ပြီ။ တစ်ခါတစ်ရံ ကျပြန် တော့ အသုဘနိမိတ်ပုံလိုလို ပုဂ္ဂိုလ်သတ္တဝါ လိုလို ပုံစံတွေ မြင်ရတတ်တယ်၊ တစ်ခါ တစ်ရံ လူတစ်ယောက်က လာပြီးတွန်းသလို လို၊ ကိုယ့်ရင်ခွင်ထဲမှာပဲ လူတစ်ယောက်က လာထိုင်နေသလိုလို နော်၊ အပေါ်က လူ တစ်ယောက်က လာပြီး ဖိထားသလိုလို၊ ဟုတ်လား။ ဩော် ... ပုံစံတွေ အမျိုးစုံ ပြ နေတာ”

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"အဲဒါ ခန္ဓာကိုယ်ကြီးက ဘယ်လို ပုံသဏ္ဌာန်တွေပဲ ပြနေပါစေ၊ အရေးကြီးတာက အကဲခတ်ထားဖို့ပါပဲ၊ ဉာဏ်ကလေးနဲ့ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"မရှိတရားလို့ သဘောပေါက်ထား၊ နားလည်တယ်နော်"

*(တင်ပါ့ဘုရား)*

"ညွှတ်သည့်စိတ်ဟာလည်း ခဏပေါ် ခဏချုပ်၊ ရုပ်တရားဟာလည်းပဲ ခုပေါ် ခုချုပ် ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ကြည့်နေရင်းနဲ့ပဲ ဟော ... ဖြစ်နေပြန်ပြီ ဟော ... ချုပ်ပျောက်နေပြန်ပြီနဲ့ အဲသလို ကြည့်ဖန်များလာတဲ့အခါ ကြက်သီးမွေးညင်းလေးတွေ ခဏခဏ ထလာတတ်

http://www.dhammadownload.com



တယ်၊ တစ်ခါတရံ အိပ်ငိုက်သလို ဘာလို လို ဖတ်ခနဲ ဖတ်ခနဲ ဖြစ်နေတတ်တယ်။ ဒါကို ဉာဏ်ကလေးနဲ့ ကောင်းကောင်းအကဲ ခတ်ကြည့်၊ စိတ်ထဲမှာ ဘာမှမပေါ်စေနဲ့၊ ပေါ်ရင် ရှေ့စိတ်ကို နောက်စိတ်နဲ့ ပြန်အကဲ ခတ်ထား။ ဟုတ်ပြီလား"

*(တင်ပါ့ဘုရား)*

"နော် ရှေ့အာရုံလေးကို နောက်အာရုံ လေးနဲ့ အကဲခတ်ထား။ ဒါမှမဟုတ်ဘဲ ကိုယ်က အဲဒီနောက်ကိုလိုက်ပြီး သံသယ တွေ ဝင်နေရင် ပျံ့လွင့်မှု ဖြစ်သွားတတ် တယ်။ ပျံ့သွားလို့ရှိရင် လမ်းပေါ်မှာ လမ်း ချော်သွားပြီ၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ဒါကြောင့် တွေးစရာလည်း မလို ဘူး၊ ကြောက်စရာလည်း မလိုဘူး၊ ဘယ် အာရုံဖြစ်ဖြစ် ပေါ်သိပျက်သွားတာပဲ ဟုတ် လား"

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"သတိနဲ့ဉာဏ်သာ လိုရင်းနော်။ ပေါ်လာတဲ့ အာရုံကို သတိနဲ့ကြည့်၊ ဉာဏ်ကလေးနဲ့ အကဲခတ်ထားတော့ အရှိတရားလား၊ မရှိတရားလားဆိုပြီး ကြည့်တော့ ဩော် ... အရှိကို အရှိအတိုင်း ဉာဏ်ကလေးနဲ့ မြင်တယ်နော"

*(တင်ပါ့ဘုရား)*

## သတိဉာဏ်ကပ် အမှတ်မြဲပါ

"မရှိတာကိုလည်း မရှိမှန်းသိပါစေ၊ အရှိကိုလည်း အရှိမှန်းသိပါစေ။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်တွေ တစ်ခါတစ်ရံကျရင် ဖတ်ခနဲ ဖတ်ခနဲဖြစ်ပြီး မဂ်ဉာဏ်လိုလိုလည်း ထင်နေတတ်တယ်။ ဒါဟာ ကိလေသာ ဖတ်ခနဲ အစားထိုးဝင်သွားတာ ဖြစ်တယ်။ ဒါကို ဟာ ... ငါ တရားရသွားပါပေါ့

http://www.dhammadownload.com



လားလို့၊ မဂ်ဉာဏ်ရသွားပါပါ့လားလို့ ကိုယ့်ကိုယ်ကို အထင်ကြီးသွားတတ်တယ်”

*(တင်ပါ့ဘုရား)*

“ဒါဟာလည်း ရုပ်တရားရဲ့ ထူးခြားစွာပြတဲ့ သဘောတစ်ခုပဲ ဖြစ်တယ်။ ခန္ဓာကိုယ်က ထူးခြားစွာပြတဲ့ သဘောကို ဉာဏ်ကလေးနဲ့ အကဲခတ်ပြီးတော့သာ ကြည့်ဟုတ်လား”

*(တင်ပါ့ဘုရား)*

“ခန္ဓာရဲ့ ဖြစ်စဉ်လေးကို ဉာဏ်ကလေးနဲ့ အကဲခတ်ပြီးတော့သာကြည့်။ အရှုခံတရားနဲ့ အရှုဉာဏ်တရားတို့သာ ထင်ရှားပါစေ နော်။ ရှေ့ကဖြစ်ပျက်နဲ့ နောက်ကမဂ်နဲ့ ကိုက်အောင်သာ ကြည့်ပေးပါ။ ဒီတော့ ယောဂီပုဂ္ဂိုလ်ရဲ့ သန္တာန်ထဲကို မှတ်ဖန်များလာလေတော့ ခန္ဓာအရှိကို ဉာဏ်ကလေးနဲ့ ထပ်ဆင့်ထပ်ဆင့် ကြည့်ဖန်များလာလေ

http://www.dhammadownload.com



လေ မြင်လာလေလေ၊ မြင်လာလေလေ ကြည့်လာလေလေ၊ ကြည့်လေ မြင်လေနော်၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ကြည့်တာသည် တွေ့တာပဲ၊ ဒါကြောင့် ကြည့်တတ်ဖို့က လိုရင်းနော်။ ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သံသယကင်းရှင်းစွာဖြင့် လေကလေးကို မှန်မှန်ရှုပြီးတော့ ကြည့်ပါ။ တစ်ခါတစ်ရံကျတော့ ဘယ်လိုမှတ်လို့ကောင်းမှန်း မသိဘူး၊ သတိတွေကလည်း ကောင်းနေလိုက်တာ၊ ဟုတ်လား။ ကြည့်စမ်း ... ကြည့်စမ်း၊ စိတ်ကလေးကလည်းပဲ စိတ်ကူးဖို့ကြံရုံပဲ ရှိသေးတယ်၊ ဖတ်ခနဲဆိုရင် သတိက သိလိုက်တယ်နော"

*(တင်ပါ့ဘုရား)*

"ဒီတော့ ဟာ ... စိတ်ကူးဖို့ကြံရုံပဲ

http://www.dhammadownload.com



ရှိသေးတယ်၊ သိနေပါပါ့လားဆိုတော့ ဟော နောက်တစ်နေ့ရာက ပေါ်နေပြန်တော့လည်း ချက်ချင်း သိလိုက်ပြန်တာပဲ။ သတိတွေက ကောင်းလာတော့ ဘာပေါ်ပေါ် သိနေတယ်၊ မှတ်ပြီးသား ဖြစ်နေတယ်။ ရှေ့ကပေါ်တာကို နောက်ဉာဏ်ကလေးနဲ့ သိနေတယ်။ ဒီလို သိလာနေလို့ရှိရင် ပေါ်သိပျက်၊ ပေါ်သိပျက် ဖြစ်နေတယ်၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"အေး ... ဝမ်းသာတာပေါ်ပေါ်၊ ဝမ်းနည်းတာပေါ်ပေါ်၊ ဘာလေးပေါ်ပေါ်၊ မှတ်လို့ကောင်းတာပေါ်ပေါ် တစ်ခါတစ်ရံမှာ မျက်စိကို ဖွင့်လို့မရလောက်အောင် မှတ်လို့ကောင်းနေတယ်။ မျက်စိကို မဖွင့်ချင်တော့ဘူး၊ ထလည်း မထချင်တော့ဘူး။ အဲဒီတော့ ယောဂီရဲ့သန္တာန်မှာ တွေ့ထိမှုလေးတွေဟာ နူးနူးညံ့ညံ့နဲ့ ပုံစံမျိုးစုံတွေ လာပြနေတတ်

http://www.dhammadownload.com



တယ်။ ဒါဆိုရင်လည်း သတိထားပေး၊ ဟုတ်လား"

*(တင်ပဲ့ဘုရား)*

"အများကြီး ထိုင်နိုင်လို့လည်း ကိုယ့်ကိုယ်ကို အထင်တွေကြီးတတ်တယ်၊ ရှင်းတယ်နော်"

*(တင်ပဲ့ဘုရား)*

"မှတ်လို့ကောင်းလွန်းတဲ့ ယောဂီသည်လည်း သတိထားရတယ်။ သတိမထားရင်တော့ အဲဒီလိုအချိန်မျိုးမှာ ကိုယ့်ကိုယ်ကို အထင်ကြီးသွားတတ်တယ်၊ ဟုတ်လား။ ငါတရားတွေ ရတော့မယ်ဆိုပြီးတော့လေ၊ စိတ်ကြီးဝင်သွားတတ်တယ်နော။ ဒါကြောင့် အဲဒီအချိန်မျိုးမှာ သတိဟာအရေးကြီးတယ်၊ သတိထားပြီးတော့သာ ဉာဏ်ကလေးနဲ့ချိန်ပြီး ချိန်သားကိုက်လေး အကဲခတ်ပေးထားရမယ်၊ ဟုတ်လား"

A

http://www.dhammadownload.com



*(တင်ပဲ့ဘုရား)*

## တည်ကြည်ငြိမ်သက် တိုးတက်ယောဂီ

"ဒီလိုကြည့်ဖန်များလာတော့ ဒကာ ဒကာမတွေ တစ်ခါတစ်ရံမှာ မှတ်လို့ကောင်းတာလည်းမဟုတ်၊ မကောင်းတာလည်း မဟုတ်ပါဘဲနဲ့ ငြိမ်ပြီးတော့ ကိလေသာ အာရုံတွေလည်း မကပ်ငြိဘူး၊ ခန္ဓာကိုယ်ထဲက ဖောက်ပြန်လွန်းတဲ့ ဿဋ္ဌာရိကဝေဒနာတွေလည်း မကပ်ငြိဘူး၊ နားလည်တယ်နော"

*(တင်ပဲ့ဘုရား)*

"ခန္ဓာနဲ့လည်း မကပ်ငြိဘူး၊ ဝေဒနာနဲ့လည်း မကပ်ငြိဘူး၊ ကိလေသာတရားနဲ့လည်း မကပ်ငြိပါဘဲနဲ့ သတိ၊ ဉာဏ်ကလေးကလည်း ငြိမ်သက်ပြီးတော့ ငြိမ်းအေးပြီးတော့ မှတ်စိတ်နဲ့ အာရုံနဲ့၊ မှတ်စိတ်နဲ့

http://www.dhammadownload.com



အာရုံနဲ့ တွဲလျက်ဖြစ်နေတယ်။ စိတ်ထဲမှာလည်း ငြိမ်းချမ်းပြီးတော့ သဘောတွေကျသလိုလို ပြောပြဖို့မတတ်ဘူး။ သဘောကျတယ်ဆိုတဲ့ နေရာမှာလည်းပဲ တဏှာနဲ့ ပေါင်းပြီးတော့ ခင်မင်ကပ်ငြိပြီးတော့ သဘောကျနေတာ မဟုတ်ဘူး။ သင်္ခါရုပေက္ခာ ဉာဏ်ပိုင်းဆိုင်ရာ ဖြစ်နေတာ၊ သင်္ခါရုပေက္ခာ ဉာဏ်ပိုင်းဆိုင်ရာဆိုတာ ဥပေက္ခာကို ပြောတာ၊ ဝေဒနာပေါ်ရင်လည်း ဝေဒနာကို လျစ်လျူရှုပြီးသား ဖြစ်နေတယ်နော်။ မိမိ စိတ်အစဉ်ထဲမှာ ကိလေသာတရားတွေ မကပ်ငြိဘူး၊ ထင်ရှားနေတယ်၊ စိတ်က သိနေတယ်၊ ဝေဒနာလည်း မကပ်ငြိဘူး၊ အလယ်အလတ်မှာ ရှိနေတဲ့စိတ်၊ မှျမှျတတ ရှိနေတယ်၊ ဟုတ်လား"

*(တင်ပ့ါဘုရား)*

"အဲဒီ ပေါ်တဲ့နေရာလေးကို သတိ

http://www.dhammadownload.com



ပြုကြည့်လိုက်လို့ရှိရင် ဖြစ်တာ၊ ပျက်တာ၊ ဖြစ်တာ၊ ပျက်တာ ဒါပဲတွေ့နေတယ်။ ဘာကလေးပေါ်ပေါ် ဘယ်အာရုံပေါ်ပေါ် ဖြစ်ခြင်း၊ ပျက်ခြင်းပဲ မြင်နေတယ်နော။ အဲသလို မြင်နေခြင်းသည် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဲသလို မြင်ဖန်များလာတော့ ကိုယ့်ကိုယ်ကို တစ်ခါတစ်ရံ အထင်တွေကြီးတတ်တယ်၊ သတိလိုတယ်နော”

*(တင်ပေါ့ဘုရား)*

## မလျှော့မတင်း စောင်းညင်းပမာ

“နေရာတိုင်းမှာ သတိက ပိုတယ်ဆိုတာ မရှိဘူး၊ ပညာက လွန်သွားတတ်တယ်၊ သဒ္ဓါတရားတွေ လွန်နေတတ်တယ်။ ဝီရိယဆိုတာလည်း ပိုသွားတတ်တယ်၊ သမာဓိကလည်း လွန်သွားတတ်တယ်။ သတိတစ်ခုတည်းကသာ လွန်တယ်ဆိုတာ မရှိဘူး။

http://www.dhammadownload.com



လိုတယ်ပဲရှိတယ်၊ ဟုတ်လား၊ ပိုတယ်မရှိဘူးနော”

*(တင်ပါ့ဘုရား)*

“ဟုတ်တယ်၊ တစ်ခါတစ်ရံမှာ သဒ္ဓါတွေ လွန်ကဲပြီးတော့ အမှတ်တွေ လွဲချော်နေတတ်တယ်၊ ပညာတွေ လွန်ကဲပြီးတော့ မိမိရဲ့စိတ်မှာ မာယာတွေ ဝင်နေတတ်တယ်၊ သမာဓိလွန်ကဲပြီးတော့ ထိနမိဒ္ဓတွေနဲ့ အိပ်ငိုက်နေတတ်တယ်၊ ဝီရိယတွေ လွန်ကဲပြီးတော့လည်း စိတ်တွေဟာ ခဏခဏ ပျံ့လွင့်နေတတ်တယ်၊ ဟုတ်ကဲ့လား”

*(တင်ပါ့ဘုရား)*

“ဒါ သတိထားပေးရမယ်နော။ အရှိကို အရှိအတိုင်းလောက်ပဲ သိပေးရမယ်၊ အပိုမတွေးရဘူး၊ အလိုကိုလည်း ရှာမတွေးရဘူး။ ဘယ်အရာပေါ်ပေါ် ပေါ်သိပျက်၊ လှုပ်ချင်တယ် ပေါ်ရင်လည်း ပေါ်သိပျက်၊

http://www.dhammadownload.com



ကြံစည်စိတ် ပေါ်ရင်လည်း ကြံသိပျက်၊ မြင်စိတ်ပေါ်ရင်လည်း မြင်သိပျက်၊ ထိုနည်းအတိုင်းပဲ ကြားသိပျက်၊ နံသိပျက်၊ စားသိပျက်၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"စင်္ကြံကမ္မဋ္ဌာန်းဆိုရင်လည်း ဒီအတိုင်းပဲ။ ဘာလေးပေါ်ပေါ် ပေါ်တာလေးကို သိရုံပါပဲ။ အဲသလို ဒကာ ဒကာမတွေ မိမိရဲ့ ဉာဏ်ကလေးနဲ့ ခန္ဓာရဲ့ ဖောက်ပြန်မှု သဘာဝတရားတွေကို ထိုးထိုးထွင်းထွင်း မြင်နေရမယ်နော်"

*(တင်ပါ့ဘုရား)*

"မြင်စရာတွေကလည်း အမျိုးစုံပါပဲ။ တစ်မျိုးတည်းလား အမျိုးစုံလား"

*(အမျိုးစုံပါဘုရား)*

"ဒီတော့ ဘယ်သောခါမှ မမြင်ဖူးတဲ့ အရာလေးတွေကို ကြည့်နေရတာ ဟုတ်

http://www.dhammadownload.com



လား။ အရင်တုန်းကတော့ သူများကတဲ့ ဇာတ်ပွဲတွေပဲ ကြည့်ခဲ့ရတယ်။ ခုတော့ဖြင့် ခန္ဓာတည်းဟူသော ဇာတ်ပွဲကိုကြည့်ပြီး ကုသိုလ်တွေ မတိုးပွားလာရဘူးလား"

*(တိုးပွားလာပါတယ်ဘုရား)*

"ဒီ မိမိခန္ဓာတည်းဟူသော ဇာတ်ပွဲကို ကြည့်၍ တိုးပွားလာတဲ့ ကုသိုလ်က သာမန်ကုသိုလ် ဟုတ်ရဲ့လား"

*(မဟုတ်ပါဘုရား)*

"မဂ်ဉာဏ် ဖိုလ်ဉာဏ်ထိ ကျေးဇူးပြုပြီး အပါယ်တံခါးပိတ်မယ့် ကုသိုလ်ကြီးနော်။ ငြိမ်းအေးချမ်းသာမှုကို ရရှိမယ့် ကုသိုလ်ကြီး ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ဒါကြောင့် ဒီခန္ဓာတည်းဟူသော ဇာတ်ပွဲက ကြည့်သင့်တဲ့ပွဲလား၊ မကြည့်သင့်တဲ့ပွဲလား"

http://www.dhammadownload.com



*(ကြည့်သင့်တဲ့ ပွဲပါဘုရား)*

## အလိမ္မာသူလေး မစန္ဒာ

"ဘုန်းကြီးတို့ ကုန်ခဲ့တဲ့နှစ်ကလည်း ဟောဖူးပါတယ်။ မစန္ဒာဆိုတဲ့ အမျိုးသမီးလေး အကြောင်းလေ။ အဲဒီ မစန္ဒာဆိုတဲ့ အမျိုးသမီးလေးဟာ အချိန်တန် အရွယ်ရောက်တော့ မိဘတွေက အမျိုးသားလေးတစ်ယောက်နဲ့ ထိမ်းမြားပေးခြင်းကြောင့် အိမ်ထောင်သည်ဘဝကို ရောက်ခဲ့ရတယ်။ အိမ်ထောင်သည်ဘဝကို မရောက်ခင်လေးမှာ သူဟာ သာသနာတော်နဲ့ နီးစပ်လို့ ဘုရားရှင်ရဲ့ အဆုံးအမတရားတွေကို နာခံမှတ်သားရပြီးဖြစ်လို့ သူ့ရဲ့ စိတ်အစဉ်ကလေးမှာ သူတော်ကောင်းဓာတ်ကလေးတွေ ရှိနေတယ်"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"အခြေခံ ဝိပဿနာစွမ်းအားလေး တွေ ကျင့်ကြံပွားများ ကြိုးစားအားထုတ် ထားခြင်းကြောင့် ကြိုတင်ပြီးတော့ အလုပ် လုပ်ထားခြင်းကြောင့် ဒီသူတော်ကောင်း ဓာတ် ကိန်းပြီးသား ဓာတ်ကလေးဟာ ပျောက်သွားနိုင်ပါ့မလား"

*(မပျောက်နိုင်ပါဘုရား)*

"မပျောက်ဘူးနော်။ ကြိုပြီး အား ထုတ်ခဲ့ခြင်းကြောင့် သူ့အတွက် သိပ်တန်ဖိုး ရှိတာကို လောကဓံကြုံရင် သိတယ်နော"

*(တင်ပါ့ဘုရား)*

"အဲသလို မစန္ဒာလေးဟာ အိမ်ထောင် သည်ဘဝရောက်ပြီး မယားဝတ္တရားငါးပါးနဲ့ ကျင့်သုံးနေထိုင်ပေမယ့် မမျှော်လင့်ပါဘဲနဲ့ အိမ်ထောင်ရေး ကံမကောင်းရှာလို့ သုံးလ လောက်ကြာတဲ့ခါ အမျိုးသားလေးက အပြစ် မရှိ အပြစ်ရှာ ပစ်ထားခဲ့တယ်။ ဒါပေမဲ့ မစန္ဒာလေးဟာ အပြုံးမပျက်ရှာဘူးနော"

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"ဘာဖြစ်လို့ အပြုံးမပျက်တာလဲလို့ မေးလို့ရှိရင် သူ့သန္တာန်ထဲမှာ တရားတွေ ရှိနေလို့နော်။ ကြိုတင်ပြီးတော့ ဝိပဿနာ စွမ်းအားလေးတွေ နှလုံးသားထဲမှာ ဖြည့် ထားလို့၊ ရှင်းတယ်နော်"

(တင်ပါ့ဘုရား)

## ရုပ်ရှင်ဇာတ်ပွဲ ဝေးဝေးရှောင်ကြဉ်

"ဒီတော့ သူငယ်ချင်းတွေက စိတ် ပြေလက်ပျောက်ဖြစ်အောင် လာခေါ်ကြ တယ်။ ဘယ်နားမှာ ဘယ်ဇာတ်ပွဲရှိတယ်၊ သွားကြည့်ရအောင်ပေါ့၊ ဟုတ်လား။ ဒီတော့ မစန္ဒာလေးက မလိုက်ချင်ပါဘူးကွယ်၊ အပြင်မှာရှိတဲ့ပွဲကို ကြည့်ရတာ သောက ဖြစ်ပါတယ်၊ ပွဲဆိုတာ အပြင်မှာ ကြည့်စရာ မလိုပါဘူး၊ ခန္ဓာကိုယ်ထဲမှာ ရှိပါတယ်လို့

http://www.dhammadownload.com



ပြန်ဖြေလိုက်တယ်၊ ဟုတ်လား။ ဘယ်လောက်တော်သလဲ ဆိုတာနော်”

*(တင်ပါ့ဘုရား)*

“သူက ထပ်ပြောနေသေးတယ်လေ။ အပြင်မှာရှိတဲ့ပွဲကို ကြည့်ပြီးနေခဲ့ရတဲ့ ဘဝတွေက ရေတွက်လို့ မကုန်နိုင်လောက်အောင် များစွာ ကြည့်ခဲ့ပြီးပါပြီ။ အခုတော့ သူများပွဲကို ကြည့်ရတာထက် မိမိခန္ဓာကိုယ်ထဲမှာရှိတဲ့ ပွဲကို ကြည့်ရတာကမှ ပိုပြီး အရသာရှိပါတယ်လို့ မစန္ဒာလေးက ဒီလိုပြောလိုက်ပြန်တယ် ဟုတ်လား”

*(တင်ပါ့ဘုရား)*

“နော် ပြင်ပပွဲကြည့်ဖို့ ခေါ်လို့မရတဲ့ အပြင် သူကချည်းပဲ တရားတွေ ပြန်ပြန်ဟောနေတာနော။ သူ့မိဘတွေကလည်း စိတ်မကောင်းဖြစ်တယ်ပြောတော့ မစန္ဒာလေးက ပြန်ပြောရှာပြန်တယ်။ စိတ်မကောင်း

http://www.dhammadownload.com



မဖြစ်ပါနဲ့ အမေတဲ့၊ စိတ်မကောင်းဖြစ်စရာ အကြောင်းမရှိတဲ့အပြင် သမီးအတွက် စားသောက်ကောင်းရုံမက ခုမှ ပွဲကြည့်ကောင်းနေတာပါလို့ ပြန်ပြောသတဲ့။ ပြီးတော့ အမေ လောကမှာလေ ခန္ဓာရရင် သေကွဲကွဲရင်ကွဲ၊ မကွဲရင် ရှင်ကွဲကွဲခြင်း ရှိတယ်၊ တစ်ခုခုတော့ ကွဲရမှာ သေချာပါတယ်။ ဒီလိုဆိုတယ်နော”

*(တင်ပါ့ဘုရား)*

## သေကွဲရှင်ကွဲ မလွဲသူငါ

“တော်လိုက်တာ ကြည့်စမ်း၊ လောကသဘာဝကို သဘာဝအတိုင်း သဘောပေါက်နေတာ။ ပရိသတ်တွေ သဘောပေါက်ဖို့ အရေးကြီးတယ်နော။ ကိုယ့်ဘဝ ကိုယ်နားလည်ဖို့လိုတယ်၊ ဟုတ်လား”

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



"ဆက်ပြောပြန်သေးတယ်။ ကိုယ်က သူ့ကိုမခွဲခင် သူက ကိုယ့်ကို ကြိုတင်ပြီး တော့ ခွဲခွာသွားတာ ကောင်းပါတယ်၊ သူက ကြိုတင်ပြီး ခွဲခွာသွားတော့ သမီးဘ၀ အတွက် ဓမ္မစွမ်းအား တရားလေးတွေကို များများကြီး အားထုတ်ဖို့ အခွင့်အရေးရ တာပေါ့ အမေရယ်။ ယောကျ်ားရှိနေရင် ကိုယ်လုပ်ချင်ရာလုပ်ဖို့ အခွင့်အရေး အား နည်းပါတယ်၊ သမီးက မိဘစကားကို မပယ်ရှားချင်လို့သာ လက်ခံခဲ့ရတာပါ၊ သမီး လေ လူ့လောကကြီးမှာလည်း မနေချင် တော့ပါဘူး၊ လူ၀တ်ကြောင်နဲ့ နေချင်စိတ် လည်း မရှိတော့ပါဘူး၊ ဘိက္ခုနီမ ၀တ်ခွင့် ပြုပါလို့ အမေ့ကို တောင်းဆိုချင်ပါတယ်၊ မိမိရဲ့ နှလုံးသားသန္တာန်ထဲမှာ ဗုဒ္ဓရဲ့ အဆုံး အမ တရားတွေနဲ့ပဲ နှလုံးသွင်းပြီး နေချင်

http://www.dhammadownload.com



ပါတယ်လို့ မိခင်ကြီးကို တတွတ်တွတ် ပြောနေတာ ဟုတ်လား”

*(တင်ပါ့ဘုရား)*

## လောကဓံလေလှိုင်း မှန်တိုင်းထန်စေ

“သူ့ရဲ့ နှလုံးသားသန္တာန်ထဲမှာ အရိယာမျိုးစေ့ ရှိတာကိုး။ အဲဒီ အရိယာမျိုးစေ့က မိမိရဲ့ သန္တာန်ထဲမှာ ဘယ်လောက်ပင် လောကဓံတရားတို့နဲ့ တွေ့ပင်ငြားသော်လည်း ပုထုဇဉ်တွေလို သောကတွေ ဖြစ်ရဲ့လား”

*(မဖြစ်ပါဘုရား)*

“မဖြစ်ဘူးနော၊ သောကဖြစ်စရာနဲ့ ကြုံတွေ့ရရင်လည်း သောကမဖြစ်ဘူး၊ ဒေါသထွက်စရာဖြစ်ရင်လည်း ဒေါသမဖြစ်ဘူး။ ဘာဖြစ်လို့ မဖြစ်တာလဲလို့ မေးလို့ရှိရင် ဘဝဆိုတာသည် တည်တံ့၊ မြဲမြံခြင်း

http://www.dhammadownload.com



မရှိဘူးဆိုတာကို သဘောပေါက် နားလည်နေလို့ပဲ၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"မိမိရဲ့ခန္ဓာကိုယ်ထဲမှာ ဉာဏ်ကလေးနဲ့ ရှုမှတ်လို့ရှိရင် တစ်ကိုယ်လုံးမှာ ဘယ်နေရာကမှ မြဲမြဲခိုင်ခိုင်ခံ့တာ မရှိဘူးလို့ တသိထဲသိနေတဲ့ ယောဂီဟာ ပြင်ပတရားတွေအပေါ်မှာလည်း မမြဲဘူးလို့ ထိုးထွင်းသိမြင်နေခြင်းကြောင့်၊ နားလည်သဘောပေါက်နေခြင်းကြောင့် လောကဓံတွေနဲ့ကြုံရင် သတိရှိနေတတ်တယ်၊ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရားတွေဟာလည်း ဆင်းရဲတယ်လို့ အလိုလို နားလည်လာနေခြင်းကြောင့် ဒီအကုသိုလ်စိတ်နဲ့ နည်းနည်းလေးပေါင်းရင် နည်းနည်းလေး ဆင်းရဲတာ သိ

http://www.dhammadownload.com



နေတယ်၊ များများကြီး ပေါင်းရင်လည်း များများကြီး ဆင်းရဲတာ သိတဲ့အတွက် ကြောင့် ဒီအကုသိုလ်စိတ်တွေပေါ်ရင် ပေါင်း လိုသလား၊ ပယ်လိုသလား"

*(ပယ်လိုပါတယ်ဘုရား)*

"ပယ်ဖို့ကိုပဲ ကြိုးစားတော့တယ်နော်။ ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟတွေ ကိုလည်း ဖျက်ခနဲသိရင် ဖျက်ခနဲပယ်ဖို့ ကြိုးစားတတ်လာတယ်၊ သတိနဲ့ သိမ်းဆည်း တတ်လာတယ်။ ဒါကြောင့် အမေတဲ့ လောကမှာ လောဘ၊ ဒေါသ၊ မောဟတရားတွေ နဲ့ကင်းရင် ချမ်းသာတယ်၊ လောဘ၊ ဒေါသ၊ မောဟတရားတွေနဲ့ မဆက်ဆံရလို့ သမီး ဘဝ ချမ်းသာပါတယ်၊ အမေလည်း ဝမ်း မြောက်ဝမ်းသာ ဖြစ်ပါဆိုပြီး မိခင်ကိုပဲ ပြန်ပြီး တရားဟောနေတာနော်"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



## တရားမလေ့ အစဉ်မွေ့

"လောကမှာ မြတ်စွာဘုရားရှင် ဟောတော်မူတဲ့ အတိုင်းပဲ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေသင်္ခါရာ အနတ္တာ ဆိုတော့ ရုပ်တရား၊ နာမ်တရားတို့သည် မမြဲတဲ့သဘောသာ ရှိတယ်၊ ဆင်းရဲတဲ့ သဘောသာ ရှိတယ်၊ မပိုင်တဲ့သဘောပဲ ရှိတယ်လို့ ဘုရားရှင်ဟောထားသလို လောကီ အာရုံ ကာမဂုဏ်တရားတို့သည် အဆိပ်ပင် နဲ့ တူတယ်လို့လည်း ဘုရားရှင် ဟောထား ပါတယ် အမေလို့လည်း ပြန်ပြီး တရားတွေ ဟောနေပြန်တယ်"

*(တင်ပါ့ဘုရား)*

"နော် ဘာရှိတဲ့ ပုဂ္ဂိုလ်မို့လို့တဲ့လဲ"

*(တရားရှိတဲ့ ပုဂ္ဂိုလ်မို့လို့ပါဘုရား)*

"ဟုတ်တယ်၊ တရားရှိတဲ့ ပုဂ္ဂိုလ်ဖြစ် လို့ ဝိပဿနာစွမ်းအားလေးကို ကြိုတင်ပြီး

http://www.dhammadownload.com



တော့ အားထုတ်ထားလို့ ဟုတ်လား။ တရား ဆိုတာ ငယ်ရွယ်တုန်းက ကြိုတင်ပြီးတော့ အားထုတ်ထားရင် ပိုကောင်းတယ်”

*(တင်ပါ့ဘုရား)*

“ငယ်ငယ်တုန်းက ထူးထူးခြားခြား တရားလေးတွေ ကိန်းထားရင် ကြီးလာလေ ပိုကောင်းလာလေ၊ ဉာဏ်လေးကလည်း ပို ကောင်းလာတယ်၊ ဟုတ်လား။ တရားထူး တရားမြတ်ရဲ့ သဘောသဘာဝက ထူးထူး ခြားခြား ရှိထားခဲ့ပြီးရင် အားမထုတ်ပဲနေ ရင်လည်း ဒီထက်လျော့နည်းစရာ ရှိရဲ့လား”

*(မရှိပါဘုရား)*

“တစ်ဆင့်ထက်တစ်ဆင့် မြင့်သ ထက် မြင့်ဖို့ရာရှိတယ်၊ အောက်ကို ပြန် ဆင်းတယ်ဆိုတာ ရှိပါ့မလား”

*(မရှိပါဘုရား)*

“ဒါကြောင့် တရားထူး တရားမြတ်

http://www.dhammadownload.com



သင်္ခါန်မှာ ကြိုတင်ရှိထားဖို့ မကောင်းဘူး လား”

*(ကောင်းပါတယ်ဘုရား)*

“ဒါကြောင့် အချိန်ရှိခိုက် ကြိုးစား ကြစေချင်တယ်၊ မကြိုးစားဘဲနဲ့ကော ရနိုင် ပါ့မလား”

*(မရနိုင်ပါဘုရား)*

“နားလည်တယ်နော”

*(တင်ပါ့ဘုရား)*

## တဏှာအမျိုး အမဲရိုးပမာ

“နောက်ပြီးတော့ မစန္ဒာလေးက ပြော သေးတယ်။ လောကီအာရုံ ကာမဂုဏ်ဆိုတာ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံပြီး ပျက်စီးတတ် တဲ့အကြောင်း၊ ကောက်ရိုးပုံကြီးကို ဒိုင်းဆို ပြီး မီးလောင်သွားသလိုပဲ လောကီအာရုံ ကာမဂုဏ်ဆိုတာ ကောက်ရိုးမီးနဲ့ တူတဲ့

http://www.dhammadownload.com



အကြောင်း၊ ဟုတ်ကဲ့လား၊ ခွေးကြီးတစ်ကောင်က အမဲရိုးကြီးကို ကိုက်နေဘိသကဲ့သို့ ခွေးကြည့်လိုက်တော့လည်း ကိုက်နေတာပဲ၊ သူ့မှာ လျှာရည်လေးတွေ၊ သင်းရည်လေးတွေသာ ထွက်လာတယ်၊ အဲဒီအရိုးက အသားထွက်လာနိုး ထွက်လာနိုးနဲ့ ထွက်လာတာ ဟုတ်ရဲ့လား"

*(မဟုတ်ပါဘုရား)*

"ဒီလိုပဲ လောကီအာရုံတွေဟာ ချမ်းသာသလိုလို၊ ချမ်းသာနိုး ချမ်းသာနိုးနဲ့ စောင့်လာပေမယ့် လောဘ၊ ဒေါသ၊ သောကတွေသာ ဖြစ်ရတယ်၊ ချမ်းသာတာ ဟုတ်ကဲ့လား"

*(မဟုတ်ပါဘုရား)*

"ခွေးကြီး အမဲရိုးကိုက်တာနဲ့ မတူဘူးလား"

*(တူပါတယ်ဘုရား)*

http://www.dhammadownload.com



"အသားထွက်နိုးနိုးနဲ့ ကိုက်နေပေမယ့် သေပွဲသာဝင်ရတယ်၊ အသားထွက်လာရဲ့လား"

*(မထွက်လာပါဘုရား)*

"အဲဒါဟာ ဘဝအကြောင်းကို နားလည်လို့လား၊ နားမလည်လို့လား"

*(နားမလည်လို့ပါဘုရား)*

"အေး ... ဒါကြောင့် ဒကာ ဒကာမတို့ရေ လောကမှာ ဘဝဇာတ်ခုံ ပုံစံစုံတယ်ဆိုတာ သဘောပေါက်နော်"

*(တင်ပါ့ဘုရား)*

"ခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းသည် ခန္ဓာကြီးရဲ့အပြစ်ကို မမြင်လို့ ခံနေကြရတာ။ ခန္ဓာကိုယ်ကြီးရဲ့ အပြစ်ကို မကြည့်တတ်သမျှ ကာလပတ်လုံး သောကတွေ ဗရပွနဲ့ လောကအလယ်မှာ အို နာ သေ ထပ်နေဦးမှာပဲ ဟုတ်လား"

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

## တရားရှာ ကိုယ်မှာတွေ့

"ဒီနေ့ ကမ္ဘာ့ဗွာန်းခွင် လုပ်ငန်းဝင်ကြ ကုန်သော ဘုန်းကြီးတို့ ဒကာ ဒကာမများရဲ့ ဉာဏ်ထဲမှာ မမြင်ဖူးတဲ့ပွဲကို ကြည့်နေတာ ဟုတ်လား"

*(တင်ပါ့ဘုရား)*

"မကြည့်ဖူးတဲ့ပွဲကို ကြည့်နေတယ်၊ ရုပ်တရား၊ နာမ်တရားတည်းဟူသော ပွဲကို ကြည့်နေတယ် ဟုတ်လား။ ရုပ်ပွဲက အပြသမား၊ နာမ်က အကြည့်သမားနော်။ ရုပ်တည်းဟူသော ပြဇာတ်ကလည်း အမျိုးစုံ၊ နာမ်တရားကလည်း ကြည့်နေရတာ အမျိုးစုံပဲ။ ဘယ်လောက်ပင် အမျိုးစုံ ဖော်ပြပင်ငြားသော်လည်း တပ်မက်ငြိကပ်စရာ၊ တွယ်တာစရာ ရှိရဲ့လား"

http://www.dhammadownload.com



*(မရှိပါဘုရား)*

"သူက ပြတာ မှန်သမျှတွေဟာ ဆင်းရဲခြင်းသဘော သက်သက်ပဲ ရှိတယ် မဟုတ်လား"

*(တင်ပါ့ဘုရား)*

"ပွဲကြည့်ရှုမှတ်တဲ့ ယောဂီဟာ ခပ်ဖြည်းဖြည်း၊ ခပ်မှန်မှန်လေးနဲ့ ဉာဏ်ကလေးနဲ့ ကြည့်ရှင်လန်းဆန်းသော အာရုံလေးနဲ့ ခန္ဓာက ပြတာလေးကို ကြည့်တိုင်းကြည့်တိုင်း သည် လောဘ၊ ဒေါသ၊ မောဟကင်းကင်းနဲ့ ကြည့်တဲ့ပွဲ ဟုတ်ရဲ့လား"

*(တင်ပါ့ဘုရား)*

"ခန္ဓာကိုယ်ရဲ့ ပြင်ပမှာ ပြတဲ့ပွဲကို ကြည့်ရတာက လောဘ၊ ဒေါသ၊ မောဟတွေ ခြံရံပြီး ကြည့်တဲ့ပွဲ ဟုတ်လား"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



# ကြည့်တတ်တော့ ဘာဝနာ

"မိမိခန္ဓာကိုယ်ထဲမှာ ဉာဏ်ကလေးနဲ့ အကဲခတ်ပြီး ကြည့်တဲ့ပွဲကမှ လောဘ၊ ဒေါသ၊ မောဟကင်းပြီး ကြည့်နေတဲ့ပွဲနော။ အဲသလို ဉာဏ်ကလေးနဲ့ အကဲခတ်နေတာကို မဂ္ဂသစ္စာလို့ခေါ်တယ်။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အပူဓာတ် အလောင်ဓာတ်တွေကို ပယ်နေတာက သမုဒယသစ္စာကို ပယ်နေတာဖြစ်တယ်။ ဒီမဂ္ဂသစ္စာဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်များတို့သည် ကိလေသာတရားတွေ ပြတ်တောက်ပြီးတော့ နိဗ္ဗာန်ကို ရောက်သွားတတ်တယ်၊ အကုသိုလ်တရားတွေကို ပယ်သတ်ပြီး ကုသိုလ်တရားတွေ ပြည့်ဝစေတတ်တယ်။ အဲသလို ကုသိုလ်တရားတွေ ပြည့်ဝပြီး ချမ်းသာကို မျက်မှောက်ပြုတာဟာ နိရောဓသစ္စာ ဖြစ်တယ်။ အဲသလို နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ဖို့ရန်အတွက်

http://www.dhammadownload.com



ခန္ဓာတည်းဟူသော ဒုက္ခသစ္စာပွဲကို ကြည့် မနေရဘူးလား”

*(ကြည့်ရပါတယ်ဘုရား)*

## ခန္ဓာညာဏ်ကဲ မကြည့်ဖူးတဲ့ပွဲ

“သဘောပေါက်တယ်နော်၊ ကြည့်တတ်ရင် ဘာဝနာဖြစ်နေတယ်။ မိမိခန္ဓာကိုယ်ထဲမှာ မမြင်ဘူးတဲ့အရာတွေကို ကြည့်နေတယ်၊ ဘယ်ရည်ရွယ်ချက်နဲ့ ကြည့်နေသလဲဆိုရင် မရောက်ဖူးတဲ့ နေရာဆီကို သွားချင်လို့ ဟုတ်ပြီလား”

*(တင်ပါ့ဘုရား)*

“ဘယ်ကိုသွားနေသလဲလို့ မေးရင်လည်း မရောက်ဖူးတဲ့နေရာကို သွားနေတယ်၊ ရှင်းတယ်နော”

*(တင်ပါ့ဘုရား)*

“ဘာပွဲကို ကြည့်သလဲဆိုရင် ခန္ဓာ

http://www.dhammadownload.com



တည်းဟူသောပွဲ၊ အိုပွဲ၊ နာပွဲ၊ သေပွဲကို ကြည့်နေတယ်။ ကဲ … ကြည့်ပါဦး၊ ခန္ဓာကိုယ်ကြီးကို သတိထားပြီးသာကြည့်နော်။ ဝေဒနာလေးပေါ်ရင် ဝေဒနာကိုကြည့်၊ ကြည့်နေရင် ဟော … ဖျတ်ခနဲ ပေါ်လာတာလေးက ဇာတိ၊ တည်နေတာလေးက ဇရာ၊ ဖျတ်ခနဲ ချုပ်ပျောက်သွားတာလေးက မရဏ၊ ဟုတ်ပြီလား”

*(တင်ပါ့ဘုရား)*

“သတိလေးနဲ့သာ အကဲခတ်ရင် ဖြစ်သိပျက်၊ ဖြစ်သိပျက်နဲ့ ပေါ်လိုက် ပျောက်လိုက်၊ ပေါ်လိုက် ပျောက်လိုက်နဲ့လေ။ ခဏိကမရဏလို့ ခေါ်တယ်၊ ဟုတ်လား”

*(တင်ပါ့ဘုရား)*

“တစ်ဘဝ တစ်ခါသေ မဟုတ်ဘူး၊ ခဏခဏကို သေနေတာ။ ဘုန်းကြီးတို့ ပရိသတ်တွေ ဒါ တစ်ဘဝ တစ်ခါသာ သေ

http://www.dhammadownload.com



ရတဲ့ မရဏာထက် အမြဲမပြတ် သေနေတဲ့ ကိုယ့်ခန္ဓာထဲက ကိုယ့်မသာ ကိုယ်ပြန်ကြည့် ဟုတ်လား"

*(တင်ပါ့ဘုရား)*

"သူများမသာကို မြင်တာက သံဝေဂ၊ ကိုယ့်မသာ ကိုယ်ကြည့်လို့ မြင်တာက ဉာဏ်ဟုတ်လား။ ဉာဏ်ရဲ့သဘောက မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ထိ ကျေးဇူးပြုတယ်နော"

*(တင်ပါ့ဘုရား)*

"သံဝေဂဖြစ်ရုံလောက်နဲ့ ရပ့ါမလား"

*(မရပါဘုရား)*

"ဒါ သမထပဲ ရှိသေးတယ်၊ ဉာဏ်နဲ့ မြင်ဖို့လိုတယ်နော"

*(တင်ပါ့ဘုရား)*

http://www.dhammadownload.com



## ခန္ဓာဉာဏ်ကပ် မရောက်ဖူးသည့်အရပ်

"ဒါကြောင့်မို့လို့ ဒကာ ဒကာမတွေတို့ဒီနေ့ ကျင့်ကြံပွားများ အားထုတ်ပြီးတော့ သဒ္ဓါလက်နက်တွေ၊ ဝီရိယလက်နက်တွေ၊ သတိလက်နက်တွေ၊ သမာဓိလက်နက်တွေ၊ ပညာတည်းဟူသော လက်နက်တွေနဲ့ စုပေါင်းပြီးတော့ ဘယ်သောခါမှ မရောက်ဖူးသောမြို့ကို သွားနေတယ် ဟုတ်လား"

*(တင်ပါ့ဘုရား)*

"ဘာတွေကိုကြည့်ပြီး သွားနေသလဲလို့ မေးလို့ရှိရင် ရုပ် နာမ် ဓမ္မ သင်္ခါရတရားတည်းဟူသော ပွဲကိုကြည့်ပြီး သွားနေတယ်။ ဒီပွဲကိုကြည့်လို့ ငြီးငွေ့ပြီး ပွဲကြီးပြီးသွားရင် အဲဒါ မရောက်ဖူးတဲ့နေရာကို ရောက်သွားတာပဲ ဟုတ်လား"

http://www.dhammadownload.com



*(တင်ပါ့ဘုရား)*

"တစ်နည်းအားဖြင့် အရှုံးထဲမှာ အမြတ်ရှာတွေ့တာ ဟုတ်ကဲ့လား"

*(တင်ပါ့ဘုရား)*

"အရှုံးထဲမှာ ဘာတွေ့တာတဲ့လဲ"

*(အမြတ်ရှာတွေ့တာပါဘုရား)*

"ဒီလိုအရှုံးထဲမှာ အမြတ်ရှာဖို့အတွက် သာမန်ရိုးရိုး သွားရမှာလား၊ ကြိုးစားရမှာလား"

*(ကြိုးစားရမှာပါဘုရား)*

"ကဲ ... ကြိုးစားအားထုတ်ပြီးတော့ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ဝင်နိုင်ကြပါစေ"

သုခိတာ ဟောထ ဒုက္ခမုစ္စထ

* * *

http://www.dhammadownload.com



## တရားအားထုတ်ခါနီး ပရိကံပြုရန်

အဟံဘန္တေ သံသာရဝဋ္ဋ ဒုက္ခတော၊ မောစနတ္ထာယ၊ ဣမံ အတ္တာနံ ဗုဒ္ဓဿ၊ ဓမ္မဿ သံဃဿ အာစရိယဿ အတ္ထာယ ဇီဝိတံ နိယျာဒေမိ ပရိစ္စဇာမိ။

ဘန္တေ–အရှင်ဘုရား၊ အဟံ–တပည့်တော်သည်၊ သံသာရဝဋ္ဋ ဒုက္ခတော–သံသရာတည်းဟူသော၊ ဝဋ်ဆင်းရဲ ဘေးအပေါင်းမှ၊ မောစနတ္ထာယ–လွတ်မြောက်ပါရစေခြင်း အကျိုးငှာ၊ ဣမံအတ္တာနံ–ဤခန္ဓာငါးပါးကို၊ ဗုဒ္ဓဿ–မြတ်စွာဘုရားအားလည်းကောင်း၊ ဓမ္မဿ– တရားတော်မြတ်အားလည်းကောင်း၊ သံဃဿ–သံဃာတော်အရှင်မြတ်အားလည်း ကောင်း၊ အာစရိယဿ–ဆရာမြတ်အား

http://www.dhammadownload.com



လည်းကောင်း၊ အတ္တာယ—အကျိုးငှာ၊ ဓီဝိ
တံ—အသက်ကို၊ နိယျာဒေမိ—အပ်နှင်းပါ၏၊
ပရိစ္စဇာမိ—လှူဒါန်း စွန့်ကြဲပါ၏ အရှင်
ဘုရား။

ဓီဝိတံ စဆမာနောပိ၊ သိက္ခာ ပဒါဟံ
နစဇာမိ။ ဓီဝိတံ—အသက်ကို၊ စဆမာနောပိ—
စွန့်လွှတ်ငြားသော်လည်း၊ သိက္ခာပဒံ—ကိုယ်
ကျင့်သီလတော်မြတ်ကို၊ အဟံ—တပည့်တော်
သည်၊ နစဇာမိ—မစွန့်လွှတ်ပါ အရှင်ဘုရား။

အရှင်ဘုရား—တပည့်တော်များသည်
တရားအားထုတ်ဆဲ ခဏ၌ ကြောက်ခြင်း၊
လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်
ဆင်းရဲ၊ စိတ်ဆင်းရဲကင်း၍ အားထုတ်ဆဲ၊
အားထုတ်လတ္တံ့ဖြစ်သော ဒါန၊ သီလ၊
စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည်
မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်
မှောက်ပြုရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com



ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး ဆရာသမားတို့ကို အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် တပည့်တော်တို့ အားထုတ်ဆဲ အားထုတ်လတ္တံ့ဖြစ်သော ဒါန သီလ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com



## တရားအားထုတ်ပြီး အနန္တော အနန္တငါးပါးကို ပူဇော်ကန်တော့ရန်

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ- မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟုဆို အပ်သော ဣလောကုတ္တရာတရား ကိုးပါး အားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ဗုဒ္ဓ- မြတ်စွာဘုရားကို၊ ဓမ္မ-တရားတော်မြတ်ကို၊ သံဃ-သံဃာတော်မြတ်အပေါင်းကို၊ မိဘ ဘိုးဘွား ဆရာသမားများကို ပူဇေမိ-ပူဇော် ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



## ဆုတောင်း

အဒ္ဓါက္လမာယ၊ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှာ ပရိမုစ္စိဿာမိ။

က္လမာယ ပဋိပတ္တိယာ–မဂ်လေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟုဆိုအပ်သော၊ ဉာဏ် လောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ကြောင့်၊ ဇာတိ ဇရာ ဗျာဓိ မရဏမှာ–ပဋိသန္ဓေနေရခြင်း၊ အိုရ ခြင်း၊ နာရခြင်း၊ သေရခြင်းတို့မှ၊ အဒ္ဓါ– မချွတ်ကေန်၊ ပရိမုစ္စိဿာမိ–လွတ်မြောက် ရပါလို၏ အရှင်ဘုရား။

## အမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် အမ တခေမံ ပြည်နိဗ္ဗာန်ကို ကေန်ထုတ်ချောက် ရောက်စေသော … ။

http://www.dhammadownload.com



ယနေ့ယခု အားထုတ်သမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနဲ့ ကိုယ်မှာ စောင့်ကြပ် ကိုယ့်စောင့်နတ်က အရင်းစ၍ ရှိသမျှလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ရှိရှိသမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေသည် များထွေသာခုခေါ်စေသော် ...။

## မေတ္တာပို့

ကဲ ... မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကြမယ်။

- အထက်အရပ်မှာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ၊ အန္တရာယ်ကင်းဘေးတွေရှင်း လက်ငင်း ချမ်းသာကြပါစေ။
- အောက်အရပ်မှာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ၊ အန္တရာယ်ကင်းဘေးတွေရှင်း လက်ငင်း ချမ်းသာကြပါစေ။

http://www.dhammadownload.com



- အနန္တစကြဝဠာ များသတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲကြပါစေ၊ အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်း ချမ်းသာကြပါ စေ။
- တရားဟော တရားနာ ဘေးရန်ကွာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြ ပါစေ၊ အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်း ချမ်းသာကြပါစေ။
- ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ကျန်းမာ ကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာကြပါစေ။
- မေတ္တာနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါ စေ။
- မေတ္တာရန်သူ ဒေါသမှု အပူကင်းပါစေ။
- မေတ္တာရေချမ်း ကိုယ်စီဖြန်း အေးချမ်း ကြပါစေ။
- ခန္တီနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။

http://www.dhammadownload.com



– တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း အေးချမ်းကြပါစေ။ တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။

## ဆွမ်းသုံးဆောင်ခါနီး မေတ္တာပို့

* ယနေ့ အရဏ်ဆွမ်း လှူဒါန်းကြကုန်သော အလှူရှင်မိသားစုတစ်တွေ –
ဘေးရန်ကင်းကြပါစေ။
ကိုယ်ဆင်းရဲ ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။
* ယနေ့ မွန်းတည့် ဆွမ်း လှူဒါန်းကြကုန်သော အလှူရှင်မိသားစုတစ်တွေ –
ဘေးရန်ကင်းကြပါစေ။
ကိုယ်ဆင်းရဲ ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ။

http://www.dhammadownload.com



ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့
ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

* ယနေ့ အချိုပွဲ လှူဒါန်းကြကုန်သော
အလှူရှင်မိသားစုတစ်တွေ –
ဘေးရန်ကင်းကြပါစေ။
ကိုယ်ဆင်းရဲ ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့
ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

* ဖျော်ရည်လှူဒါန်းကြကုန်သော အလှူရှင်
မိသားစုတစ်တွေ –
ဘေးရန်ကင်းကြပါစေ။
ကိုယ်ဆင်းရဲ ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့
ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

http://www.dhammadownload.com



# ဆွမ်းသုံးဆောင်ခါနီး ဆင်ခြင်ရန်

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာစာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျ ဒုက္ခိတ သုခိတ သတ္တဝါအပေါင်းတို့ကို ကုသိုလ်ပြုလုပ် အကျွန်ုပ်တို့က အမျှကုသိုလ် ပေးဝေလို၏။ အမျှရကြ၍ ချမ်းသာကြပါစေသော်...

http://www.dhammadownload.com



[အမျှ ...အမျှ ...အမျှ ...ယူတော်မူ ကြပါကုန်လော့၊ သာဓု ...သာဓု ...သာဓု]

(သုံးကြိမ်)

*